# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 18 June 2025 ၁၁၈၅၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မင်းဘူးခရိုင်အတွင်း လျှပ်စစ်နှင့် ဆိုလာဓာတ်အားပေးစနစ် ရေတင်စီမံကိန်းများဖြင့် မိုးစပါးစိုက်ပျိုးသွားမည်



မင်းဘူးခရိုင်အတွင်း ဆိုလာဓာတ်အားပေးစနစ် ရေတင်စီမံကိန်းကို တွေ့ရစဉ်။

**မင်းဘူး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံစိုက်ဧကတိုးချဲ့စိုက်ပျိုးရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးတို့အတွက် လျှပ်စစ်နှင့် ဆိုလာဓာတ်အားစနစ်သုံး စီမံကိန်းတို့မှ မိုးစပါးဧကပေါင်း ၃၉၀၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းမြစ်)မှ သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများသည် ဆည်ရေသောက်ဧရိယာနှင့် မိုးကောင်းသောက် ဧရိယာများ၊ အစိုးရဆည်တမံများ၊ လျှပ်စစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစုပ်တင်ခြင်းများ၊ မိုးကောင်းသောက်စနစ်များ စသောရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် လျှပ်စစ်ရေတင်စီမံကိန်းနှင့် ဆိုလာဓာတ်အားပေးစနစ် ရေတင်ခြင်းများဖြင့် မိုးစပါးများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ၂၀၂၅ ခုနှစ် စပါးစိုက်ပျိုးရာသီတွင် မိုးစပါးကို


စာမျက်နှာ ၃ ကော်လံ ၁ သို့


## ယနေ့ ဖတ်စရာ

### ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ




စာမျက်နှာ » ၃


### ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade -12 ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို


စာမျက်နှာ » ၄


### ထာဝရရန်သူ ထာဝရမိတ်ဆွေဟူသည်မရှိ ထာဝရအကျိုးစီးပွားသာလျှင်ရှိပါသည်


ဆောင်းပါး စာမျက်နှာ » ၆




### အမှိုက်ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်


စာမျက်နှာ » ၁၇

ကြေးမုံ

# လူငယ်လူရွယ်များအနာဂတ်အတွက် မလျှော့သောဇွဲ၊ လုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်

ကလေးသူငယ် လူငယ်လူရွယ်များအတွက် အနာဂတ်မျှော်လင့်ချက်သည် အတန်းပညာ တစ်နှစ်တစ်တန်းအောင်မြင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ ဖြစ်လာစေရေးဖြစ်သည်။ ကလေးသူငယ်ဘဝမှ လူလားမြောက်သည့်အရွယ်အထိ တစ်နှစ်တစ်တန်းအောင်မြင်စေရန်အတွက် တစ်နှစ်တာပတ်လုံး ကြိုးပမ်းအားထုတ်ကြရသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် မည်သို့သော အခက်အခဲများ ရှိသည်ဖြစ်စေ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်ကြသည်မှာ အားတက်စရာဖြစ်သည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် စာမေးပွဲအဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းသား ကျောင်းသူများအနေဖြင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိရေးအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန်လ ၁၆ ရက်နေ့တွင် ဒုတိယအကြိမ် ပြန်လည်ဖြေဆိုနေကြပြီဖြစ်သည်။ ပြန်လည်စစ်ဆေးကျင်းပလျက်ရှိသည့် တက္ကသိုလ်ဝင်စာမေးပွဲကို သက်ဆိုင်ရာနယ်မြေဒေသစာစစ်ဌာနများအလိုက် ပြန်လည်ဖြေဆိုနေကြပြီဖြစ်ရာ တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူလေးများအတွက် ဒုတိယအခွင့်အရေးအဖြစ် ကံကောင်းခြင်းအောင်မြင်မှုဆုကို ရရှိတော့မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်ခံခဲ့ကြရသည့် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲဖြေဆိုနိုင်ရန်အတွက် ဧပြီလ ၂၈ ရက်နေ့မှစတင်၍ သတ်မှတ်ထားသည့် မြို့နယ်များအလိုက် အခြေခံပညာ အထက်တန်းကျောင်းများတွင် လေ့ကျင့်သင်ကြားရေးစခန်း (Camp) များဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး သတ်မှတ်ထားသော ဇွန်လ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ တက္ကသိုလ်ဝင်စာမေးပွဲကို အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ် ပြန်လည်ဖြေဆိုမှုအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် စာစစ်ဌာန ၁၉၅ ခုတွင် လာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၈၂၄ ဦးရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၈ ဒသမ ၆၇ ရာခိုင်နှုန်းရှိသည်။ ယခုကဲ့သို့ တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ်ကာလအတွင်း စိတ်ချမ်းမြေ့စွာဖြင့် အေးချမ်းစွာဖြေဆိုနိုင်စေရေးအတွက် မြို့နယ်အလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် အစစအရာရာ လုံခြုံစိတ်ချ စနစ်တကျရှိစေရေးအတွက် ဆောင်ရွက်ပေးထားသည်ကို တွေ့ရသည်။

ပွဲမဝင်ခင်က ပြင်ဆင်သည့်အနေဖြင့် သတ်မှတ်ထားသောကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်းများ ဖွင့်လှစ်ပေးခဲ့ရာတွင် တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် နည်းပြ ဆရာ ဆရာမများက ဘာသာရပ်များအလိုက် စနစ်တကျ ပြန်လည်သင်ကြားပေးခဲ့သည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် လေ့ကျင့်သင်ကြားရေးစခန်းများသို့ လာရောက်မသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများအတွက်လည်း အွန်လိုင်းမှသော်လည်းကောင်း၊ ပညာရေးရုပ်သံလွှင့်ချန်နယ်များနှင့် ပုဂ္ဂလိကကျောင်းများ၏ တယ်လီဂရမ်၊ ယူကျုများတွင် ဖြန့်ဝေထားသည့် ပညာဒါနသင်တန်းများတွင်လည်းကောင်း လေ့လာသင်ကြားနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

စာစစ်ဌာနအသီးသီး၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒုတိယအကြိမ် ဝင်ရောက်ဖြေဆိုကြရသော်လည်း ဇွဲ၊ လုံ့လမလျှော့ဘဲ အကောင်းဆုံးဖြေဆိုနိုင်အောင် ကြိုးစားအားထုတ်လျက်ရှိသည်။ ပထမအကြိမ် အားမရခဲ့သော၊ အားနည်းခဲ့သော ဘာသာရပ်များကို ပိုမိုကြိုးစားအားထုတ်ပြီး ဂုဏ်ထူးများရရှိနိုင်သည်အထိ ကြိုးစားလျက်ရှိသည်။ ကျောင်းသား ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းဖြည့်ဆည်းပေးပြီး အားပေးစောင့်ရှောက်ပေးလျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲသမိုင်းတွင် ယခုအကြိမ်သည် ငလျင်လှုပ်ခတ်မှုကြောင့် ထူးခြားသောအရွေ့တစ်ခုဖြစ်ခဲ့ပြီး နိုင်ငံတော်၏ စေတနာထားဆောင်ရွက်ပေးမှုကြောင့် အစစအရာရာ ပြည့်စုံစွာ ဖြေဆိုလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်အတွက် ပညာရေးကို အားပေးမြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသလို မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများကလည်း အားကြိုးမာန်တက် သင်ယူကြရာ ဝမ်းမြောက်စရာဖြစ်သည်။ စာမေးပွဲကို ဒုတိယအကြိမ် ပြန်လည်ဖြေဆိုရခြင်းသည် ကျောင်းသား ကျောင်းသူများအတွက် ထူးခြားသည့် အခွင့်အရေးတစ်ရပ်ဖြစ်သည်။ စိန်ခေါ်မှုကို အခွင့်အလမ်းတစ်ခုအဖြစ် အမိအရဆုပ်ကိုင်ပြီး ယခင်ဖြေဆိုခဲ့စဉ်က အားနည်းချက်များကို ပြန်လည်ပြင်ဆင် ကြိုးပမ်းအားထုတ်ခွင့်ရသဖြင့် ဇွဲ၊ လုံ့လကို နှစ်ဆတိုးပြီး မိမိတို့အနာဂတ်ကို ပိုမိုတောက်ပြောင်အောင် ကြိုးပမ်းဖြေဆိုနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## ငလျင်ဘေးသင့်ဒေသပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၁ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၁၆ ရက် ညနေ ၅ နာရီမှ ယနေ့ ညနေ ၅ နာရီအတွင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံသား အလှူရှင်များနှင့် တရုတ်နိုင်ငံရောက် မြန်မာများက လှူဒါန်းသည့် ရေသန့်၊ ဖျာနှင့် Stock Pot များ (အလေးချိန် သုည ဒသမ ၈၀၁ တန်) ရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းများကို အကြောင်းအမျိုးမျိုးပြ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယအကြိမ်ဖြေဆိုခွင့်အား ဖိအားများနဲ့ဖြတ်သန်းခဲ့ရသော ညောင်ဦးမြို့မှ ကျောင်းသား ကျောင်းသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် -၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၇ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၆၀၀ | ၆,၆၀၀ | ၁,၇၅၀ | ၁၁,၅၅၀,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၉၃၀ | ၂,၇၄၃,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၂၀၀ | ၁,၄၆၀,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၈၄ | ၃၃၄,၄၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၅၀ | ၇၀၀,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၁,၄၀၂ | ၂,၂၃၆,၇၅၀ |
| AMATA | ၃,၉၀၀ | ၄,၁၀၀ | ၂၃၅ | ၉၂၀,၇၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၁၄၁ | ၄၃၀,၀၅၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နမ့်စန်ပင်မဓာတ်အားခွဲရုံ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက နမ့်စန်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန နမ့်စန်ပင်မဓာတ်အားခွဲရုံ၏ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံးလျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ စနစ်တကျ ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန်တို့ကိုမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ပြည်နယ်/ ခရိုင်/ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှု၊ ဓာတ်အားခကောက်ခံရရှိမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်စီမံကိန်း၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ အင်းလေးဒေသအတွင်း လျောင်ဒဏ်ကြောင့်ပျက်စီးခဲ့သော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အဆင့်များတွင် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်ရန်၊ တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ မရှိစေရေး အဆင့်ဆင့်စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇွန် ၁၇

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အားကစားဥယျာဉ်အတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ



အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုလာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ပြီး အောင်မြင်မှုများ ရရှိနိုင်စေရန် ဂျပန်ဂျူဒိုနည်းပြဆရာတစ်ဦးကို နိုင်ငံတော် အစီအစဉ်ဖြင့် နှစ်ရှည်ငှားရမ်း၍ မြန်မာဂျူဒိုအားကစားသမားများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ပဏာမလက်ရွေးစင် အားကစားသမားများနှင့် Judo In School အစီအစဉ်မှ ထွက်ပေါ်လာသည့်မျိုးဆက်သစ်အားကစားသမားလူငယ်များကို စုပေါင်း၍ အတွေ့အကြုံများရရှိစေရန် နိုင်ငံတကာနှင့် ဒေသတွင်းဖိတ်ခေါ်ပြိုင်ပွဲများကိုလည်း စေလွှတ်၍ ယှဉ်ပြိုင်စေလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်မှ အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားပြီး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အားကစားဥယျာဉ်အတွင်းရှိဘောလုံးအားကစားကွင်း၊ ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ တိုင်းဒေသကြီး စားပွဲတင်တင်းနစ်အားကစားရုံနှင့် အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် Synthetic ပြေးလမ်းခင်းကျင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ ရှေ့ဖုံးမှ

ကေ ပေါင်း ၃၉၀၉ ကေ စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ပြီး ယခုနှစ် ဇွန် ၂၂ ရက်မှစတင်၍ ရေပေးဝေစိုက်ပျိုးသွားမည်ဖြစ်ကာ တညောင်လျှပ်စစ်ရေတင်စီမံကိန်းမှ ၁၉၈၁ ကေ၊ ရေပုတ်ကလေး ဆိုလာဓာတ်အားပေးစနစ်စီမံကိန်းမှ ကေ ၁၀၀၊ ကျောင်းကုန်းကြီး ဆိုလာဓာတ်အားပေးစနစ်စီမံကိန်းမှ ကေ၂၄၀၊ ရွာသာကြီးဆိုလာဓာတ်အားပေးစနစ်စီမံကိန်းမှ ကေ ၅၀၀၊ ဘုရားကုန်း ဆိုလာဓာတ်အားပေးစနစ် စီမံကိန်းမှ ၈၂ ကေ၊ အောင်ပင်လယ်လျှပ်စစ်စီမံကိန်းမှ ၇၈ ကေ၊ ကျောက်စံလျှပ်စစ်နှင့် ဆိုလာဓာတ်အားစနစ် စီမံကိန်းမှ ၅၂၅ ကေ၊ ကန်းနီဆိုလာဓာတ်အားပေးစနစ် ရေတင်စီမံကိန်းမှ ၄၀၃ ကေ စုစုပေါင်း ၃၉၀၉ ကေအား လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာနိုင်(ရွှေကန်မြေ)**

## ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၁၇

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃)၏ အခွန်ဆိုင်ရာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ(ထီဖွင့်ပွဲခန်းမ)၌ ကျင်းပရာ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဌာနမှူးက ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။ **ကိုဇော်**



# အခြေခံပညာဦးစီးဌာန
# ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
# (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

မြန်မာစာဘာသာရပ် ရက်စွဲ။ ၁၆-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁ % | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၇ | ၄၉၆၈ | ၈၀၄၅ | ၆၁ | ၉၉ | ၁၆၀ | ၉၈.၀၅% | ၁.၉၅% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၄၀၀ | ၁၉၃၈၈ | ၃၃၇၈၈ | ၂၅၈ | ၁၉၅ | ၄၅၃ | ၉၈.၆၈% | ၁.၃၂ % | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၄ | ၇၀၀၃ | ၁၂၄၀၇ | ၆၄ | ၆၀ | ၁၂၄ | ၉၉.၀၁% | ၀.၉၉ % | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၆၂ | ၃၆၆၆၂ | ၆၂၈၂၄ | ၄၃၉ | ၄၁၀ | ၈၄၉ | ၉၈.၆၇% | ၁.၃၃% | |

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ၊ လိုက်ပါပို့ဆောင်ပေးကြသည့် ကျောင်းသားမိဘများနှင့် အုပ်ထိန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး တာဝန်ကျ စာမေးပွဲကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမများက စာဖြေသူများလိုက်နာရန် စာမေးပွဲစည်းမျဉ်းစည်းကမ်းများကို ဖတ်ကြားရှင်းပြခြင်း၊ ခုံအမှတ်မှန်ကန်မှုစစ်ဆေးခြင်း၊ မေးခွန်းစာမျက်နှာစုံလင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက်နေမှုနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလာစာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေး၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စာစစ်ဌာန စုစုပေါင်း ၄၇ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၂၅၃၁ ဦး စာရင်းပေးသွင်းကြပြီး အင်္ဂလိပ်စာဘာသာရပ်ကို ၁၂၄၀၆ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၀ ရာခိုင်နှုန်း ဖြေဆိုကြသည်။



တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ၂၉ ခရိုင်၊ ၅၈ မြို့နယ်တို့တွင် စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၈၀၀ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် Grade -12 ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို



**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူများသည် စာမေးပွဲပထမနေ့ ဇွန် ၁၆ ရက်မှ စတင်၍ သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၆၂၈၀၀ (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၃ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ စာမေးပွဲလာရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ စာမေးပွဲများ ဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့် မြို့နယ်များရှိကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက်လည်း မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဆက်လက်ဖြေဆို

**ညောင်ဦး ဇွန် ၁၇**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် စာစစ်ဌာနသုံးနေရာ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အခြေခံပညာ အထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ) နှင့် အခြေခံပညာအထက်တန်းကျောင်း(တောင်ဇင်း)တို့တွင် ဖြေဆိုလျက်ရှိရာ အထက(ညောင်ဦး)တွင် ၃၇၃ ဦး၊ အထက(ပုဂံ)တွင် ၁၇၁ ဦး၊ အထက(တောင်ဇင်း)တွင် ၁၄၆ ဦး စုစုပေါင်း ၆၉၀ တို့ စိတ်အေးချမ်းသာစွာ ဖြေဆိုလျက်ရှိရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၇ ရာခိုင်နှုန်း ဖြေဆိုလျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**



စာအုပ်စာပေ
လူ့မိတ်ဆွေ
အလိမ္မာ
စာမှာရှိ

# ပုသိမ်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လက်မှတ်ရ စီးပွားရေးစာရင်းကိုင်ပညာ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**ပုသိမ် ဇွန် ၁၇**

ဧရာဝတီ တိုင်းဒေသကြီး ပုသိမ်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လက်မှတ်ရ စီးပွားရေး စာရင်းကိုင်ပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပုသိမ်မြို့ သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း အနေဖြင့် လက်မှတ်ရစီးပွားရေး စာရင်းကိုင်ပညာ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး အခြေခံပညာ Grade-9 အောင်မြင်ပြီး ပညာ ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ အတွက် စာရင်းရေးစာရင်းကိုင် ပညာဖြင့် သက်မွေးဝမ်းကျောင်း ပြုနိုင်စေရန်အတွက် ဖွင့်လှစ်ပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းကျောင်းများအနေဖြင့် သင်တန်းစတင်ဖွင့်လှစ်သည်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ သင်တန်းပြီးမြောက် အောင်မြင်ပြီး စာရင်းရေး စာရင်းကိုင်ပညာဖြင့် သက်မွေးဝမ်းကျောင်းပြုနိုင်သူ ၄၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း ပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူများအား ပြဋ္ဌာန်းစာအုပ်များ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖျာ၊ ခြင်ထောင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ် လီမိတက်ဥက္ကဋ္ဌက သင်တန်းသား သင်တန်းသူများအား စားသောက်စရိတ်အတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား အိပ်ဆောင် ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အိပ်ဆောင်သန့်ရှင်း သပ်ရပ်စေရေး၊ ပရိဘောဂများ ပြည့်စုံစွာ ထားရှိစေရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးချက်များနှင့်ပတ်သက်၍ အများပြည်သူများ ပိုမိုသိရှိနိုင်ရေးအတွက် ဗီနိုင်းများချိတ်ဆွဲထားခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နော်ထဲလယ်ဖောတို့ ဦးဆောင်၍ မြို့နယ်စည်ပင်အဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ကျွန်းလှ) စာစစ်ဌာန၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဇွန် ၁၇ ရက်တွင် ကျောင်းသား ကျောင်းသူများ ဆက်လက်ဖြေလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနတစ်ခု ဖွင့်လှစ်ပြီး ပြန်လည်ဖြေဆိုမည့် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၂၄၈ ဦးအနက် ၂၄၄ ဦး ဝင်ရောက်ဖြေဆို၍ ပျက်ကွက်သူ လေးဦးရှိကြောင်း၊ ဖြေဆိုသည့်ရာခိုင်နှုန်းမှာ ၉၈ ဒသမ ၃၈ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 ဒုတိယနေ့ (အင်္ဂလိပ်စာဘာသာရပ်)ကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက သတ်မှတ်စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ်တွင် ဖွင့်လှစ်သောစာစစ်ဌာနသုံးခုရှိပြီး အထက-၁ (မိုးညှင်း) စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၉၃၁ ဦး၊ အထက (ဟိုပင်)စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၃၈၆ ဦးနှင့် အထက (အင်းတော်ကြီး)စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၃၀၀ ဖြေဆိုသူစုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၁၇ ဦး၊ စာရင်းရှိ ကျောင်းသား ကျောင်းသူ ၁၆၃၉ ဦး၊ ပျက်ကွက်သူ ၂၂ ဦးရှိပြီး ဖြေဆိုသည့်



ရာခိုင်နှုန်းမှာ ၉၈ ဒသမ ၆၆ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ရွှေမိုးညှင်း**



**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် မန္တလေးငလျင်ကြီးကြောင့် စာမေးပွဲအဖြေလွှာများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် Grade-12 စာမေးပွဲများကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(အလုံ)တို့တွင် ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်အား အေးချမ်းစွာ ပြန်လည်ဖြေဆိုလျက်ရှိသည်။

မုံရွာမြို့နယ်အနေဖြင့် Grade-12 စာမေးပွဲပြန်လည်ဖြေဆိုခြင်းကို စာစစ်ဌာနနှစ်ခုထားရှိ၍ ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုရာတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၄၇၆ ဦး၊ ဖြေဆိုသူ ၄၆၈ ဦး၊ ပျက်ကွက်သူ ရှစ်ဦးရှိပြီး ၉၈ ဒသမ ၃၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း (အလုံ)တွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၂၅၂ ဦး၊ ဖြေဆိုသူ ၂၄၄ ဦး၊ ပျက်ကွက်သူ ရှစ်ဦးရှိပြီး ၉၆ ဒသမ ၈၃ ရာခိုင်နှုန်း ပြန်လည်ဖြေဆိုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ပြင်ဦးလွင်**

ပြင်ဦးလွင်မြို့နယ်၌ ပြန်လည်ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ဇွန် ၁၇ ရက်တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့်စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ပြင်ဦးလွင်မြို့နယ်၌ စာစစ်ဌာနငါးခုတွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ၃၃၄၇ ဦးရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အား ဝင်ရောက်ဖြေဆိုသူ ၃၃၀၇ ဦးနှင့် ပျက်ကွက်သူ ၄၀ ရှိသည်။ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၈ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ရာ ပျက်ကွက်သူရာခိုင်နှုန်းမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# ထာဝရရန်သူ ထာဝရမိတ်ဆွေဟူသည်မရှိ ထာဝရအကျိုးစီးပွားသာလျှင်ရှိပါသည်

မြင့်မြတ်





နိုင်ငံတကာဆက်ဆံရေးမှာ အမြဲတမ်းရန်သူ၊ အမြဲတမ်းမိတ်ဆွေဆိုတာ မရှိဆိုသလို နိုင်ငံရေးမှာလည်း ထိုနည်းတူတူ၊ ရန်သူမိတ်ဆွေဆိုတာ ခဏတာပါ။ နိုင်ငံတကာအရေး၊ နိုင်ငံရေးတွေမှာ ထိုသဘောတရားက အတူတူပါ။ အကျိုးစီးပွားချင်းမတူကြခြင်းကြောင့်ဖြစ်ပါတယ်။ ယခုနောက်ပိုင်း နိုင်ငံတကာဆက်ဆံရေးမှာ ပိုထင်ရှားလာသလို ယခုလတ်တလော အမေရိကန်နိုင်ငံရေးမှာ သိသိသာသာကြီး ပြောစရာဖြစ်လာတဲ့ ကမ္ဘာ့အာဏာအရှိဆုံး သမ္မတ ထရမ့်နဲ့ ကမ္ဘာ့အချမ်းသာဆုံး အီလွန်မက်စ်တို့ ဆက်ဆံရေး ခွာပြဲ၊ ကတ္တီပါလမ်းခွဲက သင်ခန်းစာယူစရာဖြစ်လာတယ်။ ဘုံရည်မှန်းချက်နဲ့ အကြံတူတုန်းခဏ မိတ်ဆွေ၊ ရည်မှန်းချက်ပြောက်ပြီးမှ အကျိုးစီးပွားချင်းမတူတဲ့အပြင် အာဏာရမှုက်ကြားမှာ ရန်သူတွေ ဖြစ်ကြရ။ ဖြစ်တတ်တဲ့သဘောဆိုပေမယ့် ထာဝရအကျိုးစီးပွားအတွက် ထာဝရခိုင်မြဲတဲ့ မိတ်ဆွေဖြစ်ကြမယ်ဆိုရင်တော့ ပိုအောင်မြင်မယ်။ ဒါပေမဲ့ ယနေ့အခြေအနေများအရတော့ အမြဲတမ်းမိတ်ဆွေ၊ အမြဲတမ်းရန်သူဆိုတာ မရှိသလောက်ဖြစ်လာကြပါပြီ။

**အကျိုးစီးပွားချင်းမတူကြတဲ့အခါ**

ထရမ့်နဲ့ အီလွန်မက်စ် ပြဿနာကတော့ စကတည်းက ယဉ်သကိုဆိုသလို နိုင်ငံရေးသမားနဲ့ စီးပွားရေးသမား၊ အမြဲတမ်းပေါင်းစပ်ဖို့ ခဲယဉ်းကြောင်း သဘောတရားတစ်ခုကို ရှင်းရှင်းလင်းလင်း သိမြင်လိုက်ရတယ်။ နိုင်ငံရေးသမားက နိုင်ငံရေးလိုတွက်မယ်၊ စီးပွားရေးသမားက စီးပွားရေးအမြင်နဲ့ တွက်မယ်။ တစ်သဘောချင်း ဘယ်ဖြစ်နိုင်ပါ့မလဲ၊ အကျိုးစီးပွား ထိခိုက်တယ်ထင်ရင် တိုက်ကြခိုက်ကြမယ်ဆိုတာချည်း။ ယခုခေတ် နိုင်ငံရေး၊ စီးပွားရေးသမားတွေကပဲ ပြောနေတာ။

ဒါပေမဲ့ သူတို့ဆိုတာက သမ္မတရွေးကောက်ပွဲမတိုင်ခင်ကော၊ ပြီးပြီးချင်းမှာပါ ညီအစ်ကိုတမျှချစ်ခဲ့ကြသူတွေ၊ မက်စ်က ထရမ့်အောင်နိုင်ဖို့ ပံ့အောပြီး ငွေသုံးပေးခဲ့သူ၊ ဒါပေမဲ့ ယခုအခါမှာတော့ သူတို့အချင်းချင်း စကားစစ်ထိုးကြ၊ ဆိုရှယ်မီဒီယာမှာ အပြန်အလှန်တိုက်ကြခိုက်ကြ၊ ငယ်ကျိုးငယ်နာဖော်ကြတဲ့အထိ ရန်သူတွေဖြစ်သွားရပြီ။ လတ်တလောအကြောင်းရင်းက မက်စ်ရဲ့ Tesla EV ကိစ္စ၊ Space X ရဲ့ ကန်ထရိုက်တွေကိစ္စမှာ ထရမ့်ဘက်က ကြပ်လိုက်တာပါမယ်။ အစိုးရရဲ့ အသုံးစရိတ် ဒေါ်လာဘီလီယံများစွာကို ထိန်းချုပ်မယ့် သမ္မတထရမ့်ရဲ့အစီအစဉ်မှာ အီလွန်မက်စ်ရဲ့ လုပ်ငန်းတွေပါသွားခြင်းကို မက်စ်က အတော်မကျေမချမ်းဖြစ်ရာကနေ ထရမ့်ကို ပြန်တုံ့ပြန်ခဲ့တယ်။ မက်စ်က သမ္မတ ထရမ့် ပါဝင်ပတ်သက်မှုပါတဲ့ Jeffery Epstein file ကို ပြည်သူ့ရှေ့မှောက် ဖွင့်ချလိုက်မယ်ဆိုတဲ့အခါမှာတော့ ထရမ့်နဲ့မက်စ်ကြားက ဆက်ဆံရေးအကွဲအပြဲက ပိုမိုဆိုးရွားသွားပုံရပြီး ပြဿနာအကြီးကြီးအထိ ဖြစ်သွားရပါတော့တယ်။

**မီးလောင်ရာလေပင့် သွေးခွဲသူတွေရှိတယ် သတိထား**

နောက်တစ်ခု မီးလောင်ရာလေပင့် သတင်းတစ်ခုအရဆိုရင် လက်ရှိသမ္မတထရမ့်ရဲ့ အဘိုးက ဂျာမန်ကြီးတစ်ဦးပါတဲ့။ US ကိုရောက်လာတဲ့ ဂျာမန် အဓိပတိ မားဇ်ကပြောခဲ့တာကြောင့် ထရမ့်က ဂျာမန်သွေးနှောသူကြီး ဖြစ်သွားခဲ့ရပြီ။ ထရမ့်ကို ပါးပါးလေးပုတ်ပြီး ရုရှားသမ္မတနဲ့ သွေးခွဲလိုက်တဲ့သဘော၊ Migrants နဲ့ပတ်သက်ရင် အထိမခံတဲ့ သမ္မတကြီးကို သာသာလေးပညာပေးတဲ့သဘော တွေ့ရလိမ့်မယ်။ ထို့အတူ တောင်အာဖရိကနွယ်ဖွားဖြစ်တဲ့ အီလွန်မက်စ်အပေါ်မှာလည်း လူမျိုးရေးအရသွေးခွဲမှုတွေက ထရမ့်နဲ့ မက်စ် အကြားမှာ အလွယ်တကူ သွေးကွဲနိုင်တဲ့အနေအထား ဖြစ်နေတယ်။ ယူတတ်ရင် သင်ခန်းစာဖြစ်တဲ့အတွက် နိုင်ငံအတွင်းက တိုင်းရင်းသားတွေအနေနဲ့ ပညာယူတတ်ရလိမ့်မယ်။

ကိုလိုနီလက်အောက်ခံဖြစ်ခဲ့တဲ့ နိုင်ငံအားလုံးလိုလို ခံစားခဲ့ရတဲ့ အတွေ့အကြုံတွေအရပါ။ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ပထဝီဝင်အနေအထားအရ၊ ဆင်းရဲချမ်းသာ ကွာဟချက်အရ၊ ကျင့်သုံးတဲ့နိုင်ငံရေးစနစ်တွေအရ ကွဲပြားမှုတွေအပေါ် မြှောက်ပင့်သွေးထိုးခံရတဲ့အခါ မူလမိတ်ဆွေအဖြစ်ကနေ ရန်သူဖြစ်သွားရတဲ့ သာဓကပေါင်းများစွာရှိခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်း လက်ဝဲဆန်ဆန်ဒီမိုလစ်ဘရယ်ကြောင်တွေကြောင့် မိဘနဲ့သားသမီး၊ ညီအစ်ကိုမောင်နှမချင်း၊ အလွန်ချစ်ခင်ကြတဲ့ လုပ်ဖော်ကိုင်ဖက်အချင်းချင်းတွေကြား အယူအဆမတူ၊ ကွဲကြ၊ ခွဲကြ၊ အခေါ်အပြောမလုပ်၊ ရန်သူမည်သည်အထိ ဖြစ်သွားရတဲ့ ခါးသီးမှုများစွာရှိပါတယ်။ သိပ်နီးကပ်လွန်းရင်လည်း သွေးထိုးခံရတတ်တယ်။ နီးရာကနေ ဝေးသွားရင်လည်း ပိုဝေးသထက်ဝေးအောင် သွေးခွဲသူကအလိုလိုပေါ်လာတတ်တယ်။ သတိထား ရှုမြင်ဆင်ခြင်နိုင်အောင်ဖြစ်ပါတယ်။

> ❝ယနေ့ခေတ် နိုင်ငံတကာရေးရာအဖြစ်အပျက်တွေကြည့်ပြီး သင်ခန်းစာယူစရာများစွာရှိနိုင်ပါတယ်။ အထူးသဖြင့် မိမိပြည်တွင်းရေးမှာ အစဉ်အဆက် ပြည်ပစွက်ဖက်မှုတွေကို အထူးအလေးထားရမယ်။ ခွဲလို့ ကွဲချင်သူတွေရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာ ပါးပါးလေးခွဲလိုက်ရုံနဲ့ အကြီးအကျယ်ကွဲသွားနိုင်ကြောင်း သတိပြုသင့်ပါတယ်။ တိုင်းရင်းသားတွေကြားမှာ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ နယ်မြေဒေသအခြေအနေအရ အလွန်အမင်း ကွဲပြားသွားအောင် လုပ်ဖို့မသင့်ပါဘူး။ နိုင်ငံရေးလုပ်ကြတဲ့ နိုင်ငံရေးသမားတွေလည်း ထိုနည်းအတိုင်းပါ။ တိကျခိုင်မာတဲ့မူဝါဒ အပြောင်းအလဲမများတဲ့မူဝါဒ လက်တွေ့ကျတဲ့မူဝါဒနဲ့ စေတနာပါတဲ့ လုပ်နည်းလုပ်ဟန်တွေအတိုင်းဆိုရင် နိုင်ငံ့အရေးလုပ်နေတဲ့ နိုင်ငံရေးသမားတွေအဖြစ် ပြည်သူတွေက ကြည်ညိုလေးစားကြမှာပါ။ အရေးအကြောင်းရှိခဲ့ရင်လည်း ကူညီဖို့အသင့်က ကိုယ့်အနီးဆုံး မိတ်ဆွေတွေပဲဖြစ်❞

**အတ္တနဲ့ပါဝါ အခြေခံနေသရွေ့**

တွဲလွန်းရင် ကွဲသွားတတ်တဲ့ သဘောတရားတစ်ခု။ လူမှုဆက်ဆံရေးနယ်ပယ်မှာ တွေ့ရတတ်တဲ့ ဘာမှအမြဲမရှိတတ်တဲ့ ဒီလိုသဘောတရားမျိုးဟာ ကမ္ဘာ့သမိုင်း စနစ်တိုင်းမှာလည်း ရှိခဲ့ကြဖူးတယ်။ ဥပမာ ကမ္ဘာ့ကွန်မြူနစ်သမိုင်းမှာ ဆိုဗီယက်ကွန်မြူနစ်နဲ့ ယူဂိုဆလားဗီးယားကွန်မြူနစ်၊ ဟန်ဂေရီကွန်မြူနစ် အချင်းချင်းအကွဲအပြဲ။ အကြောင်းရင်းက သူ့မူဝါဒ၊ ငါ့မူဝါဒ၊ မူဝါဒချင်း၊ အတွေးအခေါ်ချင်း၊ ရပ်တည်ချက်ချင်း အပြိုင်အဆိုင်တွေကြောင့်ပါပဲ။ ကမ္ဘာမှာ အာဏာအရှိဆုံးဖြစ်ချင်ကြတယ်၊ ခေါင်းဆောင်ဖြစ်ချင်ကြတယ်။ ယခင်ကတော့ ဘုံရန်သူ အရင်းရှင်စနစ်ဆိုးကြီးကို တိုက်ဖျက်ဖို့ဆိုပြီး စည်းလုံးခဲ့ကြတာပေ့ါ။ ဒါက အတိတ်ဥပမာများဖြစ်ပြီး ယနေ့ခေတ်မှာလည်း ထာဝရမိတ်ဆွေ၊ အမြဲတမ်း ရန်သူဆိုတာမျိုးတွေ မရှိတော့တာတွေ့လာရတယ်။ ဒီနေ့ရန်သူဟာ နောက်တစ်နေ့မိတ်ဆွေဖြစ်နိုင်သလို ဒီနေ့မိတ်ဆွေကလည်း ချက်ချင်းဆိုသလို ရန်သူဖြစ်သွားနိုင်ပါတယ်။ ဒီဘက်ခေတ်တွေမှာ အများကြီးသတိထားရတော့မယ့် အနေအထားမျိုးတွေ ဖြစ်ပါတယ်။

ယနေ့ခေတ် ဥပမာပေးရရင် NATO အဖွဲ့ကြီးကို မြင်ကြည့်လို့ရတယ်။ ဒီအဖွဲ့အတွင်း US က ရုရှားဘက် ယိမ်းလာတဲ့သဘောတွေ၊ တူကီယဲ၊ ဟန်ဂေရီတို့လို အယူအဆမတူတဲ့ နိုင်ငံတွေကြောင့် NATO အတွင်း ခွာပြဲမှုတွေ ဖြစ်လာနိုင်တယ်။ Trade War ဆိုပြီး အကြီးအကျယ် ကုန်သွယ်စစ်ဆင်နွှဲဟန်ဟန်ရေးတပြပြရှိခဲ့တဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံခေါင်းဆောင်နှစ်ဦးတောင် မကြာမီ ဘေဂျင်းမှာ State Visit ခေါင်းဆောင်ချင်းတွေ့ဖို့အထိ ဖြစ်လာခဲ့ကြပြီ။ အစိုးရတယ်ရယ်လို့ ဘယ်မှာ ရှိနိုင်အံ့ပါ့နည်း။

အကြောင်းတရားကို ရှာကြည့်ရင် မိမိအကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွား အခြေခံတဲ့ အတ္တတွေကြောင့်ပဲ မဟုတ်ပါလား။ အာဏာပါဝါတွေကြောင့်ပဲ မဟုတ်ပါလား။ ချမ်းသာလာတဲ့သူက အာဏာကို ပိုတပ်မက်လာတယ်။ အာဏာရှိသူကလည်း ပိုပြီးချမ်းသာချင်လာတယ်။ နိုင်ငံရေးနယ်ပယ်ကော၊ စီးပွားရေးနယ်ပယ်မှာပါ ဒီသဘောတရားက အများစုတွေ့ရတတ်တဲ့သဘော ဖြစ်တတ်တဲ့သဘောတွေမို့ အထူးအဆန်းကြီး မဟုတ်ပေမယ့် လူ့အဖွဲ့အစည်းကို ဦးဆောင်ရသူတွေ၊ နိုင်ငံကိုဦးဆောင်ရသူတွေ အကြား သည်းမခံနိုင်၊ အကဲဆတ်လွန်းကြရင် တွက်ကိန်းမှားနိုင်ခြေကို တွက်ချက်ဆင်ခြင်နိုင်ရပါမယ်။ ဘယ်အရာကိုမှ ယုံကြည်မှုမလွန်ကဲဖို့နဲ့ အစွဲတွေလွန်ကဲမသွားဖို့လိုပါတယ်။

**ထာဝရအကျိုးစီးပွားဖြစ်မှသာ**

သုံးသပ်ရရင်တော့ ထရမ့်နဲ့ မက်စ်တို့ပြဿနာက ဘယ်လို ဆက်သွားမလဲ မပြောနိုင်ပါဘူး။ လင်နဲ့မယား လျှာနဲ့သွားလို ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက်လည်း ဖြစ်နိုင်တာပဲ။ ပြန်တည့်ရင်လည်း ကိုယ်စီအကျိုးစီးပွားကြောင့်သာ ဖြစ်ပါလိမ့်မယ်။ အတ္တနဲ့လောဘနဲ့ ငါအစွဲ မဖြုတ်နိုင်ရင်ကြတော့ ယာယီအကျိုးစီးပွားအတွက် ယာယီပြန်ပေါင်းတာပဲဖြစ်နိုင်မယ်။ နှစ်ဦးနှစ်ဖက်အကျိုး၊ နိုင်ငံအကျိုးစီးပွားအတွက်ပါ မျှမျှတတကြည့်နိုင်မှသာ ထာဝရအကျိုးစီးပွားကို ရနိုင်မယ်ဆိုတာ သက်ဆိုင်သူအားလုံး မြင်သွားရင် ငြိမ်းချမ်းပြီ။ မဟုတ်ရင် အားလုံးအတွက် အကျိုးယုတ်သွားနိုင်တယ်။ ယနေ့ အမေရိကန်နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေ လုပ်နေပြောနေပုံအရတော့ သူတို့တွေက နိုင်ငံ့အရေးထက် နိုင်ငံရေးလုပ်နေတာကများတယ်။ ငါနဲ့မတူ ငါ့ရန်သူ၊ အမြင်မတူရင် ရှင်းမယ်ဆိုတာချည်းပဲ။ အမုန်းအာဃာတ အားကြီးလာတဲ့အခါ ဒီမိုကရေစီယဉ်ကျေးမှုလည်း ပါးလျလာတဲ့ သဘောပဲ။

အမေရိကန်နိုင်ငံရဲ့အကျိုးစီးပွား၊ အမေရိကန်ပြည်သူတွေရဲ့အကျိုး ရှေ့တန်းတင်နိုင်ရေးကို ယနေ့ အမေရိကန်နိုင်ငံရေးသမားတွေ မြင်ပုံမရသေးဘူး။ ဒီအချိန်မှာ နိုင်ငံနဲ့ ပြည်သူအကျိုး ကြည့်တဲ့သူက သူ့ရဲကောင်းဖြစ်နိုင်မယ်၊ အနာဂတ်နိုင်ငံ့ခေါင်းဆောင်အထိ မှန်းလို့ရသွားမယ်၊ ဒါပေမဲ့ ဒီနေရာမှာ တရားသဘောအရ သံဝေဂဖြစ်စရာတွေက အများကြီးပါ။ အများအတွက် မမြင်နိုင်လောက်အောင် ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာမောဟသဘောတွေ၊ အမှန်လည်းမမြင်၊ အမှားလည်းမမြင်နိုင်လောက်အောင် ပိန်းပိတ်နေတဲ့ အတ္တမာန်မာနနဲ့ လောဘဒေါသတွေ၊ ဒီတရားတွေ အဆိုးဘက် သိပ်ရောက်သွားရင် လုပ်သင့်တဲ့ အလုပ်ကိုတောင် မမြင်နိုင်တော့တဲ့အထိ ဖြစ်နေကြတယ်။ နိုင်ငံရေးဘက်ကကြည့်ရင် ရေတိုအောင်မြင်မှု Quick Win ကိုလည်း ရှာနိုင်ရမယ့်သဘော၊ စီးပွားရေးဘက်ကကြည့်ရင် ရေရှည်အကျိုးစီးပွားကိုလည်း တွက်နိုင်ရမယ့်သဘော၊ ဒီလိုသဘောတရားတွေကို တစ်ချိန်က မိတ်ဆွေအရင်းဖြစ်ခဲ့ကြတဲ့ ထရမ့်နဲ့ မက်စ်တို့အနေနဲ့ ဝေဖန်ဆင်ခြင်သင့်ပါတယ်။

စာမျက်နှာ ၇ သို့ ❖

# ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ ရာအိမ်မှူးများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

လွိုင်ကော် ဇွန် ၁၇

ကယားပြည်နယ်အတွင်း လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံအား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရာအိမ်မှူးများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။



တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အခြေအနေ၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ လွိုင်ကော်မြို့အား စိမ်းလန်းသောမြို့၊ သန့်ရှင်းသောမြို့အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ လောင်းကစားမှုများပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် တရားမဝင် လိုင်စင်မဲ့ ယာဉ်၊ ဆိုင်ကယ်များ မောင်းနှင် စီးနင်းမှုမရှိစေရေး၊ ကောက်ခံရမည့် အခွန်၊ အခ၊ အကောက်များ အပြည့်အဝကောက်ခံရရှိရေး၊ နိုင်ငံခြားသားများ တရားမဝင်နေထိုင်မှု မရှိစေရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လွိုင်ကော်နှင့် ဒီးမော့ဆိုခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ ရပ်ရွာများအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအား ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေအနေများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို တင်ပြကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များကို တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

မုံရွာ ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် UNCCD မှ ပေးပို့သည့် သဝဏ်လွှာဖတ်ကြားသည့် ဗီဒီယိုနှင့် UNCCD က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရ ဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တက္ကသိုလ် အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများကို ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ စွမ်းအားမြှင့်မီးဖိုများနှင့် ဆုရ စာစီစာကုံးများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ပေါက်ခေါင်း ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ပေါက်ခေါင်း) ရွှေရတုခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးသည်။

ထိုသို့ အသိပညာပေးဟောပြောရာတွင် ပေါက်ခေါင်းမြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးသူအောင်က မိုးရာသီတွင်ဖြစ်ပွားတတ်သည့် မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)



❖ စာမျက်နှာ ၆ မှ

အချင်းချင်းမတည့်ကြလို့ ညီညွတ်မှုမရှိတော့တဲ့ မိတ်ဆွေတွေကြားမှာ ရန်သူဘက်က ခလောက်ဆန်လို့ ပိုလွယ်နေတယ်၊ မလိုသူတွေ သွေးခွဲမှုကြောင့် ပိုပြီးသွေးကွဲသွားနိုင်ကြောင်း သတိပြုသင့်တယ်။ အချင်းချင်း အကြားမှာ နားလည်မှုထားပြီး သည်းခံနိုင်ကြရင်သာ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုဒဏ်ကို ပိုပြီးခံနိုင်ရည်ရှိပါလားဆိုတာလည်း တွေ့ရလိမ့်မယ်။

**သင်ခန်းစာယူစရာ များစွာရှိပါတယ်**

ယနေ့ခေတ် နိုင်ငံတကာရေးရာအဖြစ်အပျက်တွေကြည့်ပြီး သင်ခန်းစာယူစရာ များစွာရှိနိုင်ပါတယ်။ အထူးသဖြင့် မိမိပြည်တွင်းရေးမှာ အစဉ်အဆက် ပြည်ပစွက်ဖက်မှုတွေကို အထူးအလေးထားရမယ်။ ခွဲလို့၊ ကွဲချင်သူတွေရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာ ပါးပါးလေး ခွဲလိုက်ရုံနဲ့ အကြီးအကျယ်ကွဲသွားနိုင်ကြောင်း သတိပြုသင့်ပါတယ်။ တိုင်းရင်းသားတွေကြားမှာ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ နယ်မြေဒေသအခြေအနေအရ အလွန်အမင်းကွဲပြားသွားအောင်လုပ်ဖို့ မသင့်ပါဘူး။ နိုင်ငံရေးလုပ်ကြတဲ့ နိုင်ငံရေးသမားတွေလည်း ထိုနည်းအတိုင်းပါ။ တိကျခိုင်မာတဲ့မူဝါဒ၊ အပြောင်းအလဲမများတဲ့မူဝါဒ၊ လက်တွေ့ကျတဲ့မူဝါဒနဲ့ စေတနာပါတဲ့လုပ်နည်းလုပ်ဟန်တွေ အတိုင်းဆိုရင် နိုင်ငံ့အရေးလုပ်နေတဲ့ နိုင်ငံရေးသမားတွေအဖြစ် ပြည်သူတွေက ကြည်ညိုလေးစားကြမှာပါ။ အရေးအကြောင်းရှိခဲ့ရင်လည်း ကူညီဖို့အသင့်က ကိုယ့်အနီးဆုံး မိတ်ဆွေတွေပဲဖြစ်ပါတယ်။

ပြည်ပအရေးကြည့်ရင် အနီးအဝေးနိုင်ငံအားလုံးဟာ ကိုယ့်အကျိုးစီးပွားနဲ့ကိုယ်မို့ မိမိအရေးသာ ဦးစားပေးစဉ်းစားကြမှာ ဖြစ်ပါတယ်။ ကိုယ့်အရေးချည်း စဉ်းစားလာတဲ့အခါ ကိုယ့်အပေါ် ရှိနေတဲ့သူ့ကျေးဇူးကို မေ့သွားတတ်ကြတယ်။ ဒါကြောင့် မိတ်ဆွေတွေဖြစ်ခဲ့ကြသူချင်း ကွဲကြ၊ ခွဲကြဖို့ အစပျိုးလာတဲ့အခါ ရှိခဲ့ကြဖူးတဲ့ ကျေးဇူးတရားတွေကို မမေ့လျော့ကြဖို့လိုပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးမှာလည်း ထိုနည်းလည်းကောင်းပါ။ အိမ်နီးချင်းကောင်း ပီသစွာနဲ့ သူ့ကျေးဇူး၊ ကိုယ့်ကျေးဇူး အပြန်အလှန်သိတတ်ကြရင် အမြဲတမ်းမိတ်ဆွေတွေအဖြစ်နဲ့ ဒေသတွင်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းစွာ တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။

ဒါပေမဲ့ ရေရှည်မိတ်ဆွေ၊ ထာဝရမိတ်ဆွေရဖို့ဆိုတာတော့ အလွန်ခဲယဉ်းတတ်ပါတယ်။ မိမိအကျိုး၊ အများအကျိုးရည်မျှော်ပြီးတော့ မိမိဘက်ကလည်း ယုံကြည်စိတ်ချရကြောင်း ပြနိုင်မှ၊ ဟန်ချက်ညီညီနဲ့ လက်တွဲပြနိုင်မှ ရေရှည်ထာဝရမိတ်ဆွေတွေအဖြစ် လက်ခံကြမှာပါ။ တကယ်တော့ ပွတ်တိုက်မှုကို ထိန်းချုပ်နိုင်ဖို့ဆိုတာ အပြန်အလှန်နားလည်ပေးနိုင်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်မှု၊ ရေရှည်နှစ်ဦးနှစ်ဖက် အကျိုးဖြစ်မယ့်အမြင်ကို မြင်နိုင်စွမ်း ဒီအချက်တွေပေါ်မှာ အဓိကမူတည်ပါတယ်။ ဒီလိုသာ တည်ဆောက်နိုင်ကြရင် ကတ္တီပါလမ်းခွဲကိစ္စမျိုးတွေလည်း ဘယ်တော့မှ ရှိလာနိုင်မှာမဟုတ်ကြောင်းနဲ့ ထာဝရရန်သူ၊ ထာဝရမိတ်ဆွေဆိုတာမရှိ၊ ထာဝရ အကျိုးစီးပွားသာရှိနေမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်ကွင်းပြပွဲ ကြည့်ရှုအားပေး



**စစ်တွေ ဇွန် ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသိရီအား သွားရောက်ဖူးမြော်ကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နဝကမ္မအလှူငွေ၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စစ်တွေမြို့ ပြည်တော်သာစိုက်ကွင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သော မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရန် ပေါင်းပျိုးထောင်ခြင်းနှင့် စက်စိုက်ပျိုးထောင်ခြင်း ကွင်းပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ကွင်းပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများ၊ စစ်တွေမြို့ အမှတ်(၁) စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ပေါင်းပျိုးစနစ်ဖြင့် ပျိုးထောင်ရန်မျိုးစေ့ချနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန်လုပ်ဆောင်နေမှုနှင့် စက်မှုလယ်ယာဦးစီးဌာနက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စိုက်ခင်းအား ထယ်ထိုးခြင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် AI နည်းပညာတွဲဖက်အသုံးပြုရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် AI နည်းပညာတွဲဖက်အသုံးပြုရေး တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် လယ်ဝေးမြို့နယ် အေလာစိုက်ပျိုးစီးပွားပညာပေးစင်တာ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ အေလာမြို့သစ်မှ ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူများအနေဖြင့် မိမိတို့မိုဘိုင်းဖုန်းများမှတစ်ဆင့် လူမှုကွန်ရက် ပလက်ဖောင်းများ အသုံးပြု၍ စိုက်ပျိုးနည်းပညာများကို အလွယ်တကူလေ့လာနိုင်ကြောင်း၊ မိမိကျေးရွာတွင်း မျိုးစေ့ဖူလုံမှု၊ စားရေရိက္ခာဖူလုံရေးအတွက် လုပ်ကွက်ငယ်တောင်သူများအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အပြင် တောင်သူကြီးများနှင့် ကုန်သည်ကြီးများ ပူးပေါင်းပါဝင်သော မျိုးစေ့ထုတ် လုပ်ငန်းများကို လုပ်ကိုင်စေလိုကြောင်း၊ AI အကူအညီဖြင့် တောင်သူကြီးများ၏ လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သည့်ဆုံးဖြတ်ချက်များကို ချမှတ်ရန်လိုကြောင်း၊ နည်းပညာနှင့် သတင်းအချက်အလက်ကို အခြေခံ၍ စပါးမျိုးစေ့များ ထုတ်ပါက အကျိုးရှိပြီး တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက တက်ရောက်လာကြသည့် တောင်သူများကို သီးပင် စားပင်ပျိုးပင်များနှင့် မျိုးစေ့များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် SMU ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း ကြံခင်းစုကျေးရွာတွင် တောင်သူ ၁၀၀ ခန့်နှင့်တွေ့ဆုံ၍ SMU ကျေးရွာတိုင်းတွင် လူထုအခြေပြု အော်ဂဲနစ်သီးနှံများ စိုက်ပျိုးရန်၊ ကျေးရွာအတွင်း စားသုံးရန် စိုက်ပျိုးထားရှိသည့် နှစ်တို၊ နှစ်ရှည်သီးနှံများကို စာရင်းပြုစုရန်၊ SMU ကျေးရွာအတွင်း မိုဘိုင်းဖုန်းလက်ရှိအခြေအနေတွင်ရရှိနိုင်သော လူမှုကွန်ရက်မီဒီယာများကို အသုံးပြု၍ စိုက်ပျိုးရေး နည်းပညာများ လေ့လာနိုင်မှု၊ SMU ကျေးရွာတိုင်းတွင် သီးနှံပျိုးခြံများ၊ စိုက်ခင်းကြီးများ ထူထောင်ဆောင်ရွက်နိုင်မှုအခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား ရရှိနိုင်မည့် မြေတွင် မြေပြန့်ကော်ဖီများ စိုက်ပျိုးကြရန်နှင့် ဆူးပုတ်၊ ဒန့်သလွန်၊ ဥသျှစ်၊ ခံပင်၊ မလွှာ၊ ကြောင်လျှာ၊ ကင်ပွန်းချဉ်ပင် အစရှိသော ပျိုးပင် ၃၅၀ နှင့် အပင်မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ နွေစပါးစံကွက်ရိတ်သိမ်းပွဲ တက်ရောက်



**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ နွေစပါး စံကွက်ရိတ်သိမ်းပွဲ၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ ရပ်မိရပ်ဖ ဦးဝင်းမြင့်၏ အိမ်ခြံဝင်းအတွင်း၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျင်းပပြုလုပ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲသို့ တက်ရောက်ကာ ကျေးလက်နေ သင်တန်းသားများ သင်တန်းမှ စာတွေ့၊ လက်တွေ့ သင်ကြားမည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းများကို တတ်မြောက်အောင် သင်ကြားဆောင်ရွက်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းများ မှန်ကန်အောင် ဆောင်ရွက် စိုက်ပျိုးရေး၊ ဒေသထွက်ကုန်များကို ကုန်ချောအဖြစ် ပြုလုပ်ရောင်းချရေး ရှင်းလင်းမှာကြားခဲ့ပြီး သင်တန်းသူများအား တာဝန်ရှိသူများနှင့်အတူ သင်ထောက်ကူ ပစ္စည်းများ ပေးအပ်သည်။ သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ၂၀ ရက်ထိ တန်ဖိုးမြှင့်စားသောက်ကုန် ငါးမျိုးထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် တောင်သူဦးမြ၏ နွေစပါး စံကွက်ရိတ်သိမ်းပွဲသို့ ရောက်ရှိကာ မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့နှင့် တွေ့ဆုံ၍ နွေစပါးစိုက်ပျိုး အောင်မြင်မှုများ၊ မိုးစပါးပြန်လည်စိုက်ပျိုးမှုများနှင့် ဆည်ရေအသုံးချမှုများ ဆွေးနွေး ဆောင်ရွက်ခဲ့ပြီး စွမ်းအားမြင့် ရိတ်ခြွေစက်ဖြင့် စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ စံကွက်ရိတ်သိမ်းခဲ့ရာတွင် တစ်ဧကလျှင် အစိတင်း ၁၃၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ရေကြည်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းပွဲ ကျင်းပ

**ရေကြည် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာ တောင်သူ ဦးကျော်ဝင်း၏ လယ်မြေငါးဧကတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ကျုံပျော်ခရိုင် စိုက်တိုးမြှင့်အဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း၏ ရေရှည်အကျိုးဖြစ်ထွန်းမှု၊ အကျိုးကျေးဇူးနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များနှင့် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက သစ်စိမ်းမြေဩဇာထည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်

မန္တလေး ဇွန် ၁၇

၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်ဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သတ်မှတ်နေရာ၌ အရိပ်ရအပင်ကို စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ တမာ၊ ခရေ၊ ငုရွှေဝါ၊ သပြေဘူတ၊ စန္ဒကူး၊ ပိတောက်၊ ရင်းမာ၊ မည်စည်၊ စိန်ပန်း၊ မဲဇလီ၊ မန်ကျည်း၊ အာဆီယံသပြေ၊ ဝါး၊ မဟော်ဂနီစသည့် သစ်မျိုး ၁၄ မျိုး၊ ပျိုးပင်ပေါင်း ၈၇၀ ကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကိုလည်းကောင်း၊ ခင်းကျင်းပြသထားသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ မြစ်သားမြို့နယ် ကူမဲမြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် စဉ့်ကိုင်မြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ပလိပ်) တို့၌ ပြန်လည်ကျင်းပစစ်ဆေးသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၂၅ ခုတွင် စာစစ်ဌာန ၁၀၁ ခု ဖွင့်လှစ်ထားပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ ၃၃၇၆၈ ဦးရှိသဖြင့် ၉၈ ဒသမ ၆၂ ရာခိုင်နှုန်း ရှိသည်။

ထို့နောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်နှင့် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက် သရုပ်ပြလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရတနာပုံ ရေကူးကန်ဝင်း၌ ဆောက်လုပ်ထားသည့် ယာယီအိမ်ရာအဆောက်အအုံများ လှူဒါန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး Mega Thirty Nine Development Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက ယာယီအိမ်ရာ အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ထံသို့ယာယီအိမ်ရာအဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သာပေါင်းမြို့နယ်၌ ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ ငါးမျိုးစိုက်ထည့်



သာပေါင်း ဇွန် ၁၇

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ မြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတ ရေသယံဇာတ တိုးပွားစေရေးနှင့် ကျေးလက်နေ ပြည်သူများ ငါးရိက္ခာ ပိုမိုဖူလုံလာစေပြီး စားသုံးမှု မြင့်မားလာစေရေး၊ သားစဉ်မြေးဆက် ငါးစားသုံးနိုင်ရေးအတွက် ရည်ရွယ်၍ ကြေးတိုင်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့က ကျိုးပင်ကျေးရွာအုပ်စု ကျိုးပင်အင်း သဲတမံရိုးချောင်း အင်းရေပြင်ကျယ် အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။

ငါးသားပေါက်များ စိုက်ထည့်ခြင်းအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြသိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အင်းသားကြီးများလက်ဝယ်သို့ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ကြပြီး ကျိုးပင်ကျေးရွာအုပ်စု ကျိုးပင်အင်း သဲတမံရိုးချောင်း အင်းရေပြင်ကျယ် အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀ တို့ကို စုပေါင်း ငါးမျိုး စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

သာပေါင်း (ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ ခရိုင်အဆင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဟင်္သာတ ဇွန် ၁၇

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက နည်းပညာတက္ကသိုလ်(ဟင်္သာတ)ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားကာ စိုက်ပျိုးမည့်ပျိုးပင်များအား ခရိုင် ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်ဦးတို့က သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်ပြီး သစ်ပင်စိုက်ပျိုးပွဲကိုဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သည့် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ မန်ဂျန်ရှား စသည့် သစ်မျိုး ၁၂ မျိုး စုစုပေါင်း ပျိုးပင် ၁၅၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နာဂဒေသ ပန်ဆောင်မြို့၌ မိုးရာသီကာလ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်

ပန်ဆောင် ဇွန် ၁၇

စစ်ကိုင်း တိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့ စည်ပင်သာယာရေးအဖွဲ့က မြို့အင်္ဂါရပ်နှင့်အညီ အစဉ်အမြဲသန့်ရှင်းသာယာလှပရေး အတွက် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်နံနက်ပိုင်းက မြို့မဈေးနှင့် ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများနှင့် ရေဆိုးထုတ်မြောင်းများအား မိုးရာသီကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ ခြင်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါအန္တရာယ် ကင်းဝေးစေရေး ရေနုတ်မြောင်းများ အတွင်းရှိ အမှိုက်သရိုက်များ၊ သဲနုန်းများ တင်ကျန်နေခြင်း မရှိစေရန် အရှည်ပေ ၁၀၀၊ အနက် နှစ်ပေရှိ ရေနုတ်မြောင်းအား တူးဖော်ပေးခဲ့ကြောင်း သိရသည်။




ဂျာယော်(ပန်ဆောင်)

## ကြို့ပင်ကောက်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကြို့ပင်ကောက် ဇွန် ၁၇

၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အမှတ် ၈၇ သစ်စက်ဝင်းအတွင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များအား မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ် သစ်တောဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇေယျနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက ကျွန်း ၇၅ ပင်၊ ပျဉ်းကတိုး ၇၅ ပင်၊ မန်ဂျန်ရှား ၇၅ ပင်၊ မဟော်ဂနီ ၇၅ ပင်၊ ပိတောက် ၁၅ ပင်၊ ပျဉ်းမ ၃၅ ပင် စုစုပေါင်း ပျိုးပင် ၃၅၀ အား စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# ပဲခူးမြို့၌ ရေဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့် တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု

ပဲခူး ဇွန် ၁၇

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ပဲခူးမြစ်ကူးဈေးတံတားအနီး၌ ဇွန် ၁၇ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ရေဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနား ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ယာယီမဏ္ဍပ်သို့ ရောက်ရှိလာရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြစ်ချောင်းအနီးရှိ နေထိုင်သူများအား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည့် မြစ်ရေကြီးမှု သတိပေးချက်ကို စက်လှေများဖြင့် ရေဘေးခိုလှုံရာစခန်းသို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေး လိုက်လံအသိပေးနှိုးဆော်ကြသည်။

ထို့နောက် ရေဝင်ရောက်သည့် ရပ်ကွက်များမှ ပြည်သူများအား ရေဘေးလွတ်ရာသို့ တာဝန်ရှိသူများက မြေပြင်မှ ပြောင်းရွှေ့ပေးခြင်း၊ ရေပြင်မှ အသက်ကယ်လှေများဖြင့် ကူညီပြောင်းရွှေ့ပေးခြင်းတို့ကို သရုပ်ပြသခဲ့ကြသည်။ ယင်းနောက် ရေဘေးသင့်ပြည်သူများအား ကြိုတင်ဖွဲ့စည်းထားသည့် သတင်းနှင့် ပြန်ကြားရေးအဖွဲ့၊ ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးအဖွဲ့၊ စားနပ်ရိက္ခာစီမံခန့်ခွဲမှုအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဇေယျာသီရိမြို့နယ်၌ ငလျင်ဘေးနှင့် ရေဘေးအန္တရာယ်ဆိုင်ရာ ဟောပြောသရုပ်ပြပွဲကျင်းပ

နေပြည်တော် ဇွန် ၁၇

နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ငလျင်ဘေးနှင့် ရေဘေးအန္တရာယ်ဆိုင်ရာ ဟောပြောသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်က သဘာဝဘေးအန္တရာယ်တွေ့ကြုံလာပါက အမြန်ဆုံးနှင့် အထိရောက်ဆုံးဖြစ်အောင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အချိန်မီ ပြောင်းရွှေ့နေရာချထားနိုင်ရေးနှင့် သတင်းမှားများ မယုံကြည်ကြရန်၊ မှန်ကန်သည့် သဘာဝဘေးအန္တရာယ် သတင်းအချက်လက်များ ရရှိနိုင်ရေးအတွက် ဟောပြောသရုပ်ပြပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ဇေယျာသီရိမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းသူက ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်းနိုင်မှု မရှိကြောင်း၊ နေ့ည အချိန်မရွေးလှုပ်ခတ်နိုင်ပြီး အဖျက်စွမ်းအား ကြီးမားသည့် ဘေးအန္တရာယ် တစ်ခုဖြစ်သည့်အတွက် ငလျင်၏သဘာဝများ၊ ငလျင်ကြောင့် အသက်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေထိုင်ပြုမူရမည့်အချက်များ၊ ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များ၊ ငလျင်လှုပ်ပြီးနောက် ဆောင်ရွက်ရန်အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး ငလျင်ဘေးတွေ့ကြုံလာပါက လိုက်နာဆောင်ရွက်ရမည့် အရာများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



# ကျောက်ပန်းတောင်းမြို့၌ ငလျင်ဘေးနှင့် သဘာဝဘေးကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျောက်ပန်းတောင်း ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနက ငလျင်ဘေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ယနေ့မွန်းလွဲပိုင်းက အောင်မင်္ဂလာရပ်ကွက်ရှိ IPS-2 (International Private School -2) ကိုယ်ပိုင် အထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန်းမြင့်နှင့် ဝန်ထမ်းများက IPS-2 ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းတာဝန်ခံနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၀ တို့အား ကျောင်းခန်းမဆောင်တွင် တွေ့ဆုံ၍ ရေဘေး၊ ငလျင်ဘေးနှင့် အခြားဘေးအန္တရာယ်များ တွေ့ကြုံလာပါက အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် ကူညီ/ကယ်ဆယ်ရေးဆိုင်ရာ ခေတ်မီနည်းစနစ်များ၊ နည်းပညာသုံး စက်ကိရိယာပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံနှင့် အရေးပေါ်အခြေအနေ တွေ့ကြုံလာပါက မည်သို့ပူးပေါင်းဆောင်ရွက်သင့်သည်များကို လက်တွေ့သရုပ်ပြရှင်းလင်းခြင်း၊ မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ကြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# ရေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေး



ရေး ဇွန် ၁၇

မွန်ပြည်နယ် ရေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ တောင်သူ ၁၉၈ ဦးတို့၏ စိုက်ဧက ၁၂၀၅ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၈၀၇ ဒသမ ၅ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်းနှင့် ပတ်သက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်မန်နေဂျာ ဒေါ်တင်မျိုးခိုင်က ချေးငွေထုတ်ယူမည့် တောင်သူများအနေဖြင့် ပုံစံ(၇)အမည်ပေါက် ရှိရမည်ဖြစ်ကြောင်း၊ မိုးစပါးချေးငွေ စိစစ်ရေးအဖွဲ့၏ ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်ကတ်ပြားပါရှိမှသာ စိုက်ပျိုးချေးငွေများ လာရောက်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးအတွက် မိုးစပါးစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်း ထုတ်ချေးခြင်းဖြစ်ပြီး အများဆုံး ၁၀ ဧကအထိ ထုတ်ချေးပေးကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ သတ်မှတ်ကာလအတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မိုးစပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ဧကပေါင်း ၇၀၀၀ အတွက် စုစုပေါင်းငွေကျပ် သိန်းတစ်သောင်းငါးရာ လျာထားဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့်ကျေးရွာများကို ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**


*** ဆီးဂိမ်းမှ**

အသက် ၂၂ နှစ်အောက် ပြိုင်ပွဲအဖြစ် ပြုလုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သုံးကြိမ်တွင် အသက်ကျော် ကစားသမား နှစ်ဦးစီ အသုံးပြုခွင့်ပေးခဲ့သည်။ သို့သော် အိမ်ရှင်ထိုင်းနိုင်ငံ အနေဖြင့် ယခုနှစ်တွင် အသက်ကျော် ကစားသမား အသုံးပြုခွင့်ပေးမည့်စည်းမျဉ်းကို ပယ်ဖျက်ကာ အသက် ၂၂ နှစ်အောက် ကစားသမားများကိုသာ အသုံးပြုရမည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲကျင်းပသည့်ပုံစံကိုလည်း ပြောင်းလဲရန် စီစဉ်ထားပြီး ယခင်က အုပ်စုနှစ်ခုသာ ကျင်းပသော်လည်း အုပ်စုသုံးခုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။

**ယှဉ်ပြိုင်မည်**

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် အချိန်ယူ လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး မတ်လနှင့် ဇွန်လတွင် နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားထားသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ မတိုင်မီ အာဆီယံ ယူ-၂၃ ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ကူရိုဆာကီက ကိုင်တွယ်နေသည်။ **ထွဏ်းသွေးအိမ်**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**




# လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဇွန် ၁၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ **မိုး/ဇလ**

# KBZ Center Mandalay က လျှော်ဒါန်းခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းအပါအဝင် ဘာသာရေးကျောင်းများသို့ ဘိလပ်မြေနှင့် ဆန်အိတ်များလှူဒါန်း

**မန္တလေး ဇွန် ၁၇**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအပါအဝင် ဘာသာရေးကျောင်းများသို့ KBZ Center Mandalay က ဘိလပ်မြေနှင့် ဆန်အိတ်များ နေ့စဉ်ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ဘိလပ်မြေအိတ် ၂၀၀၀ နှင့် ဆန်အိတ် ၃၁၀ တို့ကို ဆက်လက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

လှူဒါန်းမှုအဖြစ် ငလျင်ကြောင့် ထိခိုက်ခဲ့သည့် မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၅၀၊ လေသာကျောင်းတိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၂၀၊ အသောကရာမကျောင်းတိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၂၀၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ဂေါပကသို့ ဘိလပ်မြေအိတ် ၅၀၀၊ ချမ်းမြသာစည်မြို့နယ်ရှိ သာသနာ့ဇောတိကာရုံစာသင်တိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၁၀၀၊ စဉ့်ကိုင်မြို့နယ်ရှိ မြို့ဦးစာသင်တိုက်သို့ ဘိလပ်မြေအိတ် ၂၀၀ နှင့် ဆန်အိတ် ၂၀၊ ပုသိမ်ကြီးမြို့နယ်ရှိ ကချင်နှစ်ချင်း ခရစ်ယာန်အသင်းတော်သို့ ဘိလပ်မြေအိတ် ၅၀၀ နှင့် ဆန်အိတ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

KBZ Center Mandalay က ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးမြို့ရှိ ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများအပါအဝင် ဘာသာရေးအဆောက်အအုံနေရာ ၃၁ နေရာသို့ ဇွန် ၁၀ ရက်တွင် ဘိလပ်မြေအိတ် ၉၃၀၀ နှင့် ဆန်အိတ် ၁၇၄၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကာလရှည် ကူညီထောက်ပံ့နိုင်ရန် ရည်ရွယ်ထားသည့် KBZ Center Mandalay ကို ဇွန် ၁၀ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း x ၁၁၀ (မနော်ဟရီ) လမ်းထောင့်၌ ဖွင့်လှစ်ထားသည်။

KBZ Foundation က ငလျင်ဘေးအတွက် ငွေကျပ်၄၅ဘီလီယံ ကနဦး မတည်လှူဒါန်းထားသည့်အနက် ငလျင်ဘေးသင့်ပြည်သူများအား အနည်းဆုံး တစ်နှစ်မှ ငါးနှစ်အထိ ရေရှည်ကူညီပေးနိုင်မည့် KBZ Center Mandalay ကို ကနဦးအနေဖြင့် ငွေကျပ် ဘီလီယံ ၃၀ အသုံးပြုကာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ဆွမ်းဦးပုညရှင်စေတီ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ အောင်မြေသာစံမြို့နယ် ချမ်းသာကြီးမြတ်စွာဘုရားတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီ၊ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်နှင့် မဟာစေတီတော်တို့ရှိ သာသနိကအဆောက်အအုံများ၌ အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းတိုက်များနှင့် သီလရှင်စာသင်တိုက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်သည်။

ယင်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံများအား လူအင်အားနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသကျရံသီကျောက်တော်ကြီး မြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ ပြဿဒ်စေတီတော် တတိယပစ္စယံအထက် ကွန်းတောင်လှိုဏ်ဂူအတွင်းမှ ထပ်မံတွေ့ရှိရသော ငွေဆင်းတုတော် ၂၁၉ ဆူ၊ ရွှေဆင်းတုတော် ၁၄ ဆူ၊ ဓာတ်တော်ပုလင်းနှင့် ဓာတ်တော်များ၊ စေတီတော်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်ကြီးအား ပြုပြင်ဆောင်ရွက်ထားရှိမှုနှင့် ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်ရှိ ချမ်းသာကြီးမြတ်စွာဘုရားရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းနေမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်များအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက်နှင့် သီရိမာလာအရှေ့ရပ်ကွက်ရှိ အန္တရာယ်ရှိနေအိမ်အဆောက်အအုံများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖြိုချရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးမှုများ ဆောင်ရွက်

**ဇမ္ဗူသီရိ ဇွန် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးမှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇမ္ဗူသီရိမြို့နယ် အခွန်တိုးတက်ကောက်ခံရရှိရေးအဖွဲ့များဖြစ်သော သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးမျိုးကိုကို၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ "ကြေညာချက်ဗီနိုင်းချိတ်ဆွဲထားမှုအခြေအနေစစ်ဆေးခြင်းနှင့် အခွန်ဆိုင်ရာအသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**



# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မဲပေးစက်လက်တွေ့သရုပ်ပြသ



**နေပြည်တော် ဇွန် ၁၇**

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက် လက်တွေ့သရုပ်ပြမဲပေးခြင်းကို ယနေ့ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လက်တွေ့သရုပ်ပြမဲပေး**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက် ထရောနစ်မဲပေးစက်ကို အသုံးပြု၍ မဲပေးရခြင်း အကြောင်းကို ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်း တင်ပြပြီး မဲပေးစက်ဖြင့် မဲပေးနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက လက်တွေ့သရုပ်ပြ မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက မြန်မာအီလက် ထရောနစ်မဲပေးစက် တည်ဆောက်ပုံ၊ စမ်းသပ် မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက် တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါ အတိုင်း မဲရလဒ်စာရင်းပြုစုပုံတို့ကို လိုက်လံရှင်းလင်း ပြသခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**မော်လမြိုင် ဇွန် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ပိုင်းက မွန်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ဦးစွာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ကလေးအလုပ် သမား ပပျောက်ရေးအတွက် နိုင်ငံတော်က ဦးစားပေးစီမံကိန်း နယ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ကို သတ်မှတ် ထားသည့်အတွက် မွန်ပြည်နယ်၏ ကလေးအလုပ်သမား ပပျောက် ရေးစီမံချက်ကို ပူးပေါင်းအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် မွန်ပြည်နယ် ကလေး အလုပ်သမား ပပျောက်ရေး ဆိုင်ရာ ဥပဒေရေးရာလုပ်ငန်း ဆပ်ကော်မတီ အဖွဲ့ဝင်များအနေ ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း အကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းဆပ်ကော်မတီ အတွင်း ရေးမှူး ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက် ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်း ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန် များ၊ လုပ်ငန်းစီမံချက်ပါ ဥပဒေ အသိပညာ ပြန့်ပွားရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် အတွက် လက်ကမ်းစာစောင် ဖြန့်ဝေနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ တက်ရောက် လာသည့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်း ဆပ်ကော်မတီ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့ဝင်များက ကလေးအလုပ်သမား ပပျောက် ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်း ဆွေးနွေး အကြံပြုတင်ပြခဲ့ကြပြီး ပြည်နယ်ဥပဒေချုပ်က လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



# ဆီဆိုင်မြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**ဆီဆိုင် ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့်လုပ်ငန်း အတွက် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မြတ်ခင်မော်က သင်တန်းသူများအား သင်တန်းသုံး ပစ္စည်းများကိုပေးအပ်ပြီး တာဝန်ရှိသူများသည် သင်တန်းသုံးပစ္စည်းများ ကိုကြည့်ရှု၍ အားပေးသည်။

အဆိုပါသင်တန်းတွင် အခြေခံသင်တန်းကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၆ ရက်အထိ၊ မွမ်းမံသင်တန်းကို ဩဂုတ် ၆ ရက်မှ ၂၀ ရက်အထိ စာတွေ့ လက်တွေ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ဆီဆိုင်မြို့နယ် အတွင်းရှိ သင်တန်းသူ ၁၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာ ဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာ ပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်း ကျောင်း(လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးခင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်ကြည်ကြည်တင် က လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ များကို ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေး အေးနွဲ့က လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြော ခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှက လူငယ်နှင့်အားကစားအကြောင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက ပလတ်စတစ် ညစ်ညမ်းမှုအန္တရာယ်အကြောင်းဟောပြောပြီး အထက(လှည်းကူး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အလုပ်အကိုင်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံး တွင် အကျိုးဝင်မှတ်ပုံတင်ထား သည့် Shinsung Tongsang INT'L Co.,Ltd. မှ အာမခံအလုပ် သမား ဒေါ်ခင်မာမြင့်၏ လုပ်ငန်းခွင် ပြင်ပထိခိုက်မှုကြောင့် သေဆုံး ခြင်းအတွက် ကျန်ရစ်သူအကျိုး ခံစားခွင့်(ငွေလုံးငွေရင်း)ထုတ်ပေး ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်း နွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြား သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးသိန်းနွဲ့ဦးက Shinsung Tongsang INT'L Co.,Ltd. မှ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခဲ့ သည့် အာမခံအလုပ်သမား ဒေါ်ခင်မာမြင့်၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၇၀၀၇၀၀၀ ဒသမ ၁၀ ကို သေဆုံး သူ၏မိခင် ဒေါ်ခင်ဌေးကြွယ်ထံသို့ အလုပ်ဌာန တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေး ကော်မတီ(WCC)အဖွဲ့ဝင်များ၊ မိသားစုဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# ဂါဇာဒေသသို့ အစ္စရေး၏ တိုက်ခိုက်မှုအတွင်း ၅၁ ဦး သေဆုံး



**ဂါဇာ ဇွန် ၁၇**

ဂါဇာဒေသ(တောင်ပိုင်း)ခန်းယူနွတ်၌ အစ္စရေးတပ်မတော်က ဇွန်၁၇ရက်တွင် တိုက်ခိုက်ခဲ့ရာ အစားအစာရယူရန်စောင့်ဆိုင်းနေသည့် ပါလက်စတိုင်းဒေသခံ ၅၁ ဦး သေဆုံးကြောင်း ဂါဇာဒေသကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ခန်းယူနွတ်ဒေသရှိ အယ်လ်တာလီယာအဝိုင်းတွင် အစားအစာရယူရန် စောင့်ဆိုင်းနေသည့် လူအုပ်အတွင်း၌ တိုက်ခိုက်မှုဖြစ်ပွားရာ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဖြည့်စွက်ပြောကြားသည်။

အဆိုပါဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများအား ကုသရေးအတွက် ဆောင်ရွက်ရာတွင် ဂါဇာဒေသတွင်းဆေးရုံများရှိ ခွဲစိတ်ခန်းများနှင့် အရေးပေါ်ကုသဆောင်များမှာ လူနာများဖြင့် ပြည့်နှက်သွားခဲ့သည်။ လက်ရှိအချိန်တွင် ဒေသတွင်းရှိဆေးရုံများ၌ ဆေးပစ္စည်းများ ပြတ်လပ်နေသဖြင့် ဂါဇာဒေသတွင်းသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများဝင်ရောက်ခွင့်ပြုရန် တာဝန်ရှိသူများက နိုင်ငံတကာအား ပန်ကြားခဲ့သည်။ အစ္စရေးတပ်မတော်သည် မတ် ၁၈ ရက်မှစတင်၍ ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ပြန်လည်ဆောင်ရွက်ခဲ့ရာ ဂါဇာဒေသတွင် လက်ရှိအချိန်အထိ သေဆုံးသူ ၅၅၄၃၂ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၂၈၉၂၃ ဦးရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# ပါကစ္စတန်နိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍခေတ်မီရေး ဆောင်ရွက်

**အစ္စလာမာဘတ် ဇွန် ၁၇**

ပါကစ္စတန်နိုင်ငံသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီစေရေး နည်းလမ်းများချမှတ်ဆောင်ရွက်နေကြောင်း အမျိုးသားစားရေရိက္ခာဖူလုံရေးဝန်ကြီး ရာနာတန်ဗီယာဟူစိန်က ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

စိုက်ပျိုးရေးကဏ္ဍအား လက်တွေ့ကျသည့် နည်းလမ်းများဖြင့် မြှင့်တင်ဆောင်ရွက်နေပြီး နိုင်ငံ့စီးပွားရေးအုတ်မြစ်ခိုင်မာရေးဆောင်ရွက်နေကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။

လယ်သမားများအတွက် အတိုးမဲ့ချေးငွေများ၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးစေ့များ၊ ဓာတ်မြေဩဇာများ၊ စိုက်ပျိုးရေးဆိုင်ရာ စက်ကိရိယာများနှင့် ရေအရင်းအမြစ်များကို ပံ့ပိုးကာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ခြင်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းကို တတ်ကျွမ်းနားလည်သည့် လုပ်သားအင်အားစုများကို စုဖွဲ့ထားရှိကြောင်း ၎င်းကပြောကြားသည်။ စိုက်ပျိုးရေးလုပ်ငန်းကို စားရေရိက္ခာဖူလုံရေးအတွက်သာမကဘဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အထောက်အကူပြုနိုင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် မြို့လယ်ခရိုင်တွင် ညမထွက်ရအမိန့်ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် မြို့လယ်ခရိုင်အတွက် ညမထွက်ရအမိန့်ကို လော့စ်အိန်ဂျလိစ်မြို့တော်ဝန် ကာရင်ဗတ်စ်က ဇွန် ၁၇ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ အမေရိကန်အစိုးရ၏ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအပေါ် နှိမ်နင်းမှုများကို ဆန့်ကျင်ဆန္ဒဖော်ထုတ်ပွဲများ ဖြစ်ပွားခဲ့ရာတွင် လော့စ်အိန်ဂျလိစ်ဒေသအထိ ပျံ့နှံ့ခဲ့သည်။

**ညမထွက်ရအမိန့်ထုတ်ပြန်ထား**

ဆန္ဒဖော်ထုတ်သူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး လော့စ်အိန်ဂျလိစ်မြို့လယ်ဒေသရှိ စီးပွားရေးလုပ်ငန်းများ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည်။ ၎င်းအကြမ်းဖက်မှုများကို နှိမ်နင်းရန် လက်ရှိအချိန်တွင် လော့စ်အိန်ဂျလိစ်မြို့လယ်ခရိုင်၌ ညမထွက်ရအမိန့်ထုတ်ပြန်ထားပြီး ၎င်းအမိန့်ကို လာမည့်ရက်အတန်ကြာအထိ ဆက်လက်ထုတ်ပြန်မည်ဟု ကာရင်ဗတ်က ပြောကြားသည်။ ဆန္ဒဖော်ထုတ်သူများသည် လက်ရှိအချိန်တွင် အမျိုးသားအစောင့်တပ်ဖွဲ့တပ်စွဲထားသည့် အစိုးရအဆောက်အအုံသို့ ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ လက်ရှိအချိန်တွင် အမျိုးသားအစောင့်တပ်ဖွဲ့ကို ကူညီရန်အတွက် မရိန်းတပ်သား ၇၀၀ ခန့်အား လော့စ်အိန်ဂျလိစ်အနီးသို့ စေလွှတ်ခဲ့သည်။ ၎င်းအမျိုးသားအစောင့်တပ်ဖွဲ့ဝင်များနှင့် မရိန်းတပ်သားများအား တားဆီးရန် အဆိုတစ်ရပ်ကို ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂယ်ဗင်နျူဆန်က ပြည်ထောင်စုတရားရုံးသို့ တင်သွင်းခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းစင်သည့် နိုင်ငံဖြစ်လာစေရေး အင်ဒိုနီးရှား ကြိုးပမ်းဆောင်ရွက်

**ဂျကာတာ ဇွန် ၁၇**

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းစင်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိရေးကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအရှေ့ပိုင်း ပါပူအာဒေသတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုလျှော့ချရေး ဆောင်ရွက်နေသည်။ နိုင်ငံအတွင်း ၂၀၂၂ ခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၄၄၃၀၀၀ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၄၁၈၀၀၀ သို့ လျော့ကျခဲ့သည်။ ပါပူအာဒေသသည် လက်ရှိအချိန်တွင် နိုင်ငံအတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုနေကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ်တွင် ငှက်ဖျားရောဂါဆိုင်ရာ စမ်းသပ်စစ်ဆေးမှု အရေအတွက် ရှစ်သန်းဆောင်ရွက်ရန် စီစဉ်ထားသည်။ လက်ရှိအချိန်တွင် အစိုးရ၏ အခမဲ့ ကျန်းမာရေးစစ်ဆေးသည့်အစီအစဉ်အရ ငှက်ဖျားရောဂါဆိုင်ရာ စောင့်ကြည့်ခြင်းလုပ်ငန်းနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ပါပူအာဒေသတွင် ဆောင်ရွက်နေသည်။ အင်ဒိုနီးရှားနိုင်ငံ ဘာလီဒေသတွင် ဇွန် ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် အာရှ-ပစိဖိတ် ငှက်ဖျားရောဂါနှိမ်နင်းရေး ညီလာခံတွင် အာရှ-ပစိဖိတ်နိုင်ငံများ၌ ငှက်ဖျားရောဂါ နှိမ်နင်းရန်အတွက် လုံလောက်သည့် အရင်းအမြစ်များနှင့် တီထွင်ဆန်းသစ်မှုများရှိနေပြီး ၎င်းကဏ္ဍများကို မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဟု အင်ဒိုနီးရှားနိုင်ငံ ရောဂါပိုးမွှားထိန်းချုပ်ရေးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် မာတီရူတာမီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**





# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသတွင် တိုင်ဖွန်းမုန်တိုင်းဝူတစ် ဝင်ရောက်တိုက်ခတ်

**ဟနွိုင်း ဇွန် ၁၇**

ဗီယက်နမ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဝူတစ် ဝင်ရောက်တိုက်ခတ်မှုကြောင့် နိုင်ငံအလယ်ပိုင်းဒေသတွင် ဒေသခံခုနစ်ဦးသေဆုံးပြီး စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

**ပြောကြား**

ကွန်ဗင်းပြည်နယ်တွင် လေးဦးနှင့် ကွမ်ထရီပြည်နယ်တွင် သုံးဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သဘာဝဘေးကာကွယ်ရေးဌာနက ပြောကြားသည်။

ဝူတစ်ဝင်ရောက်တိုက်ခတ်စဉ် အချိန်အတွင်း ဖြစ်ပွားခဲ့သည့်ရေကြီးရေလျှံမှုများကြောင့် စပါးစိုက်ဧက ၃၃၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ပြီး ငါးပုစွန်ကန်ဟက်တာထောင်ပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့ကာ လေ့ရှစ်စင်းပျက်စီးခဲ့ကြောင်း သိရသည်။ ၎င်းသဘာဝဘေးထိခိုက်ခံစားခဲ့ရသည့် ဒေသများရှိ ဒေသခံများ၏ လူမှုစီးပွားဘဝများ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိစေရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# လုပ်အားခများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

နေပြည်တော် ဇွန် ၁၇

လုပ်အားခများကို ခေါင်းပုံဖြတ်ရယူခဲ့သူအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅၊ ၃၆ ဖြင့် အလုပ်နှင့် ထောင်ဒဏ်များ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဦး------/၅၁/၂၀၂၅ နှစ်သည် ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဖျာပုံတံတားအောက်တွင် အရက်သေစာသောက်စားပြီး အိပ်ပျော်နေစဉ် မောင်ထွန်း၊ ရွာလယ်ပိုင်းလမ်း ကျုံကူကျေးရွာ ဖျာပုံမြို့နယ် ဧရာဝတီတိုင်းဒေသကြီး နေသူက အိပ်ရန်နေရာမရှိပါက ၎င်း၏ နေအိမ်သို့လိုက်ခဲ့ရန် ခေါ်ဆောင်သဖြင့် လိုက်ပါသွားခဲ့ကြောင်း။

ထို့နောက် နေအိမ်အရောက်တွင် ၎င်းအား မောင်ထွန်းက ငါးဖမ်းစက်လှေတွင် လိုက်ပါလုပ်ကိုင်ရန် စည်းရုံးရာ မလုပ်ကိုင်လိုကြောင်း ငြင်းဆန်ခဲ့သော်လည်း ဖျာပုံမြို့နယ် မှော်ဘီကျေးရွာရှိ "စူဝံ" ငါးဖမ်းအလုပ်ရုံသို့ပို့ဆောင်ကာ ကြိုတင်ငွေ နှစ်သိန်းကျပ် ထုတ်ယူသွားခဲ့ကြောင်း၊ အဆိုပါနေရာ၌ လုပ်အားခအနေဖြင့် တစ်လလျှင် ငွေကျပ် ၂၂၀၀၀၀ နှုန်းဖြင့် ကိုးလခန့် လုပ်ကိုင်ခဲ့ရာ မောင်ထွန်းမှ ငွေကျပ် ၁၁၅၀၀၀၀ ကို ထပ်မံထုတ်ယူသွားခဲ့သဖြင့် ၎င်းအား ငွေကျပ် ၁၃၆၅၀၀ သာ ထုတ်ပေးခဲ့သဖြင့် ၎င်း၏ လုပ်အားခများအား ခေါင်းပုံဖြတ် ရယူသွားခဲ့သည့် မောင်ထွန်းအား ဖျာပုံမြို့မရဲစခန်း (ပ)၅၉/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ခဲ့သည်။ ဖျာပုံခရိုင်တရားရုံးမှ ဇွန် ၁၂ ရက်တွင် တရားခံ မောင်ထွန်းအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ရှစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နေ မ-----/၂၄/၂၀၂၅ နှစ်သည် ၈-၂-၂၀၂၅ ရက် money@dawwai998 Tik Tok အကောင့်၌ တရုတ်အငှားရည်းစား ငါးယောက်ခေါ်ယူမည်၊ ၃/၄ လခန့် လုပ်ကိုင်ရမည်ဟု ကြော်ငြာထားသည်ကို တွေ့ရှိသဖြင့် ဆက်သွယ်ခဲ့ရာ အကောင့်ပိုင်ရှင် နေခြည်စိုး(ကျား)၊ ဆိတ်ချိုရွာ ပျော်ဘွယ်မြို့နယ် မန္တလေးတိုင်းဒေသကြီးနှင့် သန်းမိုးဇင်(မ)၊ မူဆယ်မြို့ ရှမ်းပြည်နယ်နေသူတို့က ၎င်းကို တရုတ်ယောကျ်ားယူပါက တစ်လလျှင် ငွေကျပ်သိန်း ၅၀ ရမည်၊ သုံးလ လုပ်ကိုင်ပြီးပါက ပြန်လည် ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် မဟာအောင်မြေမြို့နယ် အမှတ်(၉)မြို့မရဲစခန်း (ပ)၃၈/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ခဲ့သည်။

အဆိုပါအမှုအား မဟာအောင်မြေခရိုင် တရားရုံးမှ ဇွန် ၁၂ ရက်တွင် တရားခံ နေခြည်စိုး(ကျား) ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ သန်းမိုးဇင်(မ)အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် ရေယာဉ်နှင့် ယာဉ်များသိမ်းဆည်းရမိ


နေပြည်တော် ဇွန် ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၁၁၉ တန်၊ အခြားသစ် ၁ ဒသမ ၅၂၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၁၉၁၉၈၂ ကျပ်)ကိုသစ်တောဥပဒေအရလည်းကောင်း၊ အင်းတကော်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Cheng Long Tractor Head နှစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၀၄၆၉၁၉၈၂ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ တောင်သမန်အင်း မြို့ပတ်လမ်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း အမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၃၆၉၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး၊ Jin Bei Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၇၉၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဟန်မြင့်မိုရ်-ရွာငံလမ်း ဆင်ခေါင်းတောင်အနီး၌ ချင်းရွှေဟော်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၇၃၈၇၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head သုံးစီး၊ Dong Feng Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်ငါးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၂၃၅၀၃၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဖလုံ(၂)နယ်မြေအတွင်း



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် သစ်မာ သုည ဒသမ ၇၃၀တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၅၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ထူးဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၇၀၆၂၁၁၈၇ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Sea Lion-3 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၂၀၉၂၇၈၀၂၃၇ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၃ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၅၆ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၆ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၅ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၇၄၁၀၂၂၅၅၉ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ စံပြထိုက်သော မိသားစုလေးနဲ့ကျောင်းကလေး
- ၀၉:၁၀ စိုက်ပျိုးရေးရာ အပြာပြာ
- ၁၁:၁၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၁:၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၄၇)
- ၁၃:၁၀ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လျှို့ဝှက်ကောင်းမှုများခေတ်'** (အပိုင်း-၃၇)
- ၁၄:၄၅ မျိုးဝင်္ကဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၅ ရာသီတုပ်ကွေးရောဂါနှင့်ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲ(အပိုင်း-၂)
- ၁၇:၁၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားဖွဲ့'** (အပိုင်း-၂၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး (၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ် 'The Great Wall **'သမိုင်းဝင်ယဉ်ကျေးမှု'** (အပိုင်း-၆)
- ၂၂:၁၅ (၃၀)ပြာမဂ်လာ **'မင်္ဂလာဒါနသံယောဇဉ်'**

### MITV

- 07:02 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:08 Weekly Update
- 07:17 Garbage to Green Gardens
- 07:43 The Man and The Elephant
- 08:26 Beasts of Asia (Myanmar)
- 08:47 Chef Life: Thanakrit Chamnongbutr
- 09:01 A Visit To Ye
- 09:22 Discovering Tribes: Ancient Kayah- their life and customs
- 10:28 Listening Pleasure, Instrumental Music (Myanmar Harp) Latt Swam Pya

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ချင်း)
- ၀၆:၄၀ မြန်မာသံစဉ်တေးများ
- ၀၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တောက်ပသောနေ့ရက်များဆီသို့'** (အပိုင်း-၂၇)
- ၀၇:၄၅ စတီရီယိုတေးများ
- ၀၈:၀၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၀၈:၂၅ ဇာတ်တော်ကြီး **'ဂုဏဝတီဇာတ်တော်ကြီး'** (ပထမပိုင်း)
- ၁၀:၀၀ ကာတွန်း **'ဗိုးကောင်ကြီးဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၂၂)
- ၁၀:၃၅ ဇာတ်တော်ကြီး **'ဂုဏဝတီဇာတ်တော်ကြီး'** (ဒုတိယပိုင်း)

### MRTV NRC

- **ကယား (၀၆:၀၀ မှ ၀၈:၀၀)** ဒူးကွင်း(ခေါ်)ကူဘိုးဒူပြုလုပ်ပုံ
- **ဗကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** မနီပူးလုပ်ငန်းအကြောင်း
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင်ဘာသာစကားပြောကြရအောင်(အပိုင်း-၁၅)
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ပန်းချီဆရာစောထွန်းလင်းနှင့် တွေ့ဆုံမေးမြန်းခြင်း
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** ရသာချိုမြိန် ချင်းရိုးရာမှုစ်ဟင်းရည်ဘိုင်
- **ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** မင်းတပ်မြို့ရှဲမှိုးရာသီအလှပုံရိပ်များ
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်တို့၏ယုံကြည်ကိုးကွယ်ရာ ဓလေ့ထုံးတမ်းများ
- **ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ဝါးတုတ်ချက်
- **ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** အင်းသားလေ့လှော်ကမ္ဘာကျော်
- **ဝ (၁၉:၀၀ မှ ၂၁:၀၀)** ကြက်သွန်ဖြူနှင့်ကျန်းမာရေး
- **ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ကချင်ရိုးရာဝတ်စားဆင်ယင်ခြင်း

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ထိုင်းနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'အဝယ်ပလောနဲ့'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ဗီယက်နမ်နိုင်ငံ'**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ဆွစ်ဇာလန်နိုင်ငံ'**
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၂)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၄၀ ဆီထွက်သီးနှံဖူးလုံဖို့ နေကြာသီးနှံ တိုးမြှင့်စိုက်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၄၅ June Tour of Our South Garden
- ၁၉:၁၅ Cork Rooftop Farm
- ၂၀:၀၀ ကိုယ်ချစ်မဝ မယ်မင်းကြီးမ(ဇာတ်လမ်း)
- ၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U-19 Youth league (Replay) (Generations Vs VUC Ulad)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



နေပြည်တော် ဇွန် ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၇၀၊ အီသီယိုးပီးယားနိုင်ငံသား ၅၆ ဦး၊ ကင်မရွန်းနိုင်ငံသား ရှစ်ဦးနှင့် ဂါနာနိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၆ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကင်မရွန်းနိုင်ငံသံရုံးမှ First Secretary Ms. Danzouma Alima Anda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. Hoang Minh Hai နှင့် တာဝန်ရှိသူများ၊ ဂါနာသမ္မတနိုင်ငံသံရုံးနှင့် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ ယူဂန္ဓာနိုင်ငံသားတစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးကိုယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၁၄၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၉၀၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၅ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု(Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ တရားမဝင် အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၉၇ ဦးနှင့် တရုတ်နိုင်ငံသား ၄၁ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



မူဆယ်မြို့၌ တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦးနှင့်အမျိုးသမီး ၁၀ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



မူဆယ်မြို့၌ တရုတ်နိုင်ငံသား အမျိုးသားတစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦးနှင့် အမျိုးသမီး ၂၈ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၁၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက မူဆယ်မြို့ စွမ်စော်ရပ်ကွက်နှင့် ကောင်းမှုတုံ ရပ်ကွက်အတွင်း၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်သည်။

**ဖမ်းဆီးရမိ**

ထိုသို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်စော်ရပ်ကွက်၊ အိမ်အမှတ် (မဆ-၄၀၀)ရှိ အိမ်ပိုင်ရှင်(စိစစ်ဆဲ)၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀ နှင့် မြန်မာနိုင်ငံသား အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၁၂၀၊ ကွန်ပျူတာမျိုးစုံ ၈၆လုံး ၊ WiFi စက်သုံးလုံး၊ Crown မော်တော်ယာဉ်တစ်စီးတို့ဖြင့်လည်းကောင်း၊ ကောင်းမှုတုံ ရပ်ကွက် အိမ်အမှတ်(ဟန-၈)ရှိ အိမ်ပိုင်ရှင် (စိစစ်ဆဲ)၏ နေအိမ်အတွင်းမှ တရားမဝင် အွန်လိုင်း ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အမျိုးသား တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၈ ဦးတို့အား ကွန်ပျူတာမျိုးစုံ ၁၆ လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၃၄ လုံး၊ WiFi စက်သုံးလုံး၊ Crown မော်တော်ယာဉ်တစ်စီး၊ Toyota Landcruiser မော်တော်ယာဉ် တစ်စီးတို့ဖြင့်လည်းကောင်း စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅၉ ဦးနှင့် အမျိုးသမီး ၃၈ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# အောင်လံမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

အောင်လံ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့နံနက် ၁၀ နာရီက အောင်လံမြို့ပေါ်ရှိအခြေခံပညာကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**ကွင်းဆင်းဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ဦးဆောင်၍ ဝန်ထမ်းများက အောင်လံမြို့ အထက(၁၊ ၂၊ ၃) အတွင်းရှိ ကျောင်းသား ကျောင်းသူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

# အမှိုက်ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



## ဒေးဒရဲ

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် အမှိုက်များအား အမျိုးအစားခွဲခြားစွန့်ပစ်နိုင်ရေးအတွက် အမှိုက်ပုံးအရောင်များ ခွဲခြားသတ်မှတ်ခြင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်က အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ဇာနည်ထိုက်က အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိသော အမှိုက်အမျိုးအစား စနစ်တကျခွဲခြားစွန့်ပစ်ရေးနှင့် အမှိုက်ပုံးအရောင်သတ်မှတ်ခြင်းတို့ လက်တွေ့သရုပ်ပြသပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



## မော်လမြိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများနှင့် ဌာနဆိုင်ရာရုံးများတွင် ပြည်သူပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ် ဖြစ်ပေါ်လာစေရေးနှင့် အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်နိုင်စေရန်ရည်ရွယ်၍ အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် အသိပညာပေးသရုပ်ပြသဆောင်ရွက်ခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ စုပေါင်းရုံး၌ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးသက်နိုင်က ဌာနဆိုင်ရာဝန်ထမ်းများနှင့် အများပြည်သူများ မိမိနေအိမ်မှစတင်၍ မိမိပတ်ဝန်းကျင်၊ ကျောင်းများတွင် အမှိုက်ကို စနစ်တကျခွဲခြားစွန့်ပစ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်စေရေး ပလတ်စတစ်အမှိုက်အတွက် အပြာရောင်ပုံး၊ အမှိုက်စိုအတွက် အစိမ်းရောင်ပုံး၊ အမှိုက်ခြောက်အတွက် အဝါရောင်ပုံးနှင့် အန္တရာယ်အမှိုက်အတွက် အနီရောင်ပုံးများဖြင့် စနစ်တကျ စွန့်ပစ်နိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



## ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းနှင့် အထက(ပန်းတောင်း) ကျောင်းတွင် ဇွန် ၁၆ ရက် နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်စေရေး၊ မြို့နယ်သန့်ရှင်းသာယာလှပစေရေး အမှိုက်များ စနစ်တကျစွန့်ပစ်ကြရန် အမှိုက်အမျိုးအစားအလိုက်အမှိုက်ပုံးအရောင်သတ်မှတ်၍ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်ခြင်းပြုလုပ်သည်။

ဦးစွာ ပြည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ထွေးက အမှိုက်စိုများဖြစ်သော မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများအတွက် အစိမ်းရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အမှိုက်ခြောက်များဖြစ်သော ခြောက်သွေ့သောစက္ကူ ကတ်ထူစက္ကူ သံတိုသံစ၊ ပိတ်စ၊ သစ်သားစ စသည့်စွန့်ပစ်ပစ္စည်းများအတွက် အဝါရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်အမှိုက်များဖြစ်သော ဘေးအန္တရာယ်မရှိသောပလတ်စတစ်သုံးပစ္စည်းများကို အပြာရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ မီးလုံး၊ အင်းဆက်ဖျန်းဆေးရည်များ၊ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများ အစရှိသည့်ဘေးအန္တရာယ်ရှိ အမှိုက်များအတွက် အနီရောင်အမှိုက်ပုံးတွင် စွန့်ပစ်ရမည်ဖြစ်ကြောင်း အသိပညာပေး ပြောကြားသည်။ **လပြည့်လင်း(ပြန်/ဆက်)**



## ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇွန် ၁၇ ရက် ညနေပိုင်းတွင် ပုသိမ်မြို့ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းတွင် အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းများ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်စွာဝင်းက ကျောင်းသား ကျောင်းသူများအား အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်စေရေးအတွက် အမှိုက်စို၊ အမှိုက်ခြောက်၊ ဘေးအန္တရာယ်ရှိအမှိုက်နှင့် ပလတ်စတစ်အမှိုက်များကို အရောင်များခွဲခြား၍ စနစ်တကျစွန့်ပစ်တတ်စေရေး၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်စေရေး အသိပညာပေးဟောပြောကာ ကျောင်းသား ကျောင်းသူများက အမှိုက်ပုံးများအတွင်း လက်တွေ့စွန့်ပစ်သရုပ်ပြခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## အိမ်မဲ

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စွန့်ပစ်အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်မှုအကြောင်း ဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အလက(ခွဲ)ညောင်ဝိုင်း၌ ပြုလုပ်သည်။

ဦးစွာ အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ အမှိုက်ပုံးလေးမျိုးဖြစ်သော အမှိုက်စို(အစိမ်းရောင်)၊ အမှိုက်ခြောက်(အဝါရောင်)၊ ဘေးအန္တရာယ်ရှိအမှိုက် (အနီရောင်)၊ ပလတ်စတစ်အမှိုက်(အပြာရောင်) စသည့်အရောင်ခွဲခြားမှုများနှင့် စွန့်ပစ်ရမည့်အမှိုက်အမျိုးအစားအကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူက ကျောင်းသား ကျောင်းသူများအား စွန့်ပစ်အမှိုက် လေးမျိုးအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အမှိုက်ပုံးလေးမျိုးထဲသို့ လက်တွေ့အမှိုက်စွန့်ပစ်ခြင်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကျိုက်လတ်

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ အမှိုက်ခွဲခြားစွန့်ပစ်ပုံအား အသိပညာပေးခြင်းနှင့် သရုပ်ပြသခြင်းကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်နိုင်ဝင်းက အမှိုက်များကို ခွဲခြားစွန့်ပစ်ရန်လိုအပ်ကြောင်းနှင့် အမှိုက်အမျိုးအစားလေးမျိုးဖြစ်သည့် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်နှင့် ဘေးအန္တရာယ်ရှိသော အမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်တတ်စေရေး သရုပ်ပြဆွေးနွေးဟောပြောကြသည်။ ဆက်လက်၍ အခြေခံပညာကျောင်းများ၊ မြို့မဈေးကြီးနှင့် ဌာနဆိုင်ရာရုံးများတွင်လည်း အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထက(ရွှေတောင်)တွင် ဇွန် ၁၇ ရက် နံနက်ပိုင်းက အမှိုက်များစနစ်တကျစွန့်ပစ်ကြရန် အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်သတ်မှတ်၍ ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြလေ့ကျင့်သည်။

ဦးစွာ ပြည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသီရိက အမှိုက်စိုများဖြစ်သော မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများအတွက် အစိမ်းရောင်အမှိုက်ပုံး၊ အမှိုက်ခြောက်များဖြစ်သော ခြောက်သွေ့သောစက္ကူ ကတ်ထူစက္ကူ သံတိုသံစ၊ ပိတ်စ၊ သစ်သားစ စသည့်စွန့်ပစ်ပစ္စည်းများအတွက် အဝါရောင်အမှိုက်ပုံး၊ ပလတ်စတစ်အမှိုက်များဖြစ်သော ဘေးအန္တရာယ်မရှိသော ပလတ်စတစ်သုံးပစ္စည်းများကို အပြာရောင်အမှိုက်ပုံး၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ အင်းဆက် ဖျန်းဆေးရည်များ၊ အိမ်သုံးဓာတုစွန့်ပစ်ပစ္စည်းများ အစရှိသည့်ဘေးအန္တရာယ်ရှိအမှိုက်များအတွက် အနီရောင်အမှိုက်ပုံးတွင် စွန့်ပစ်ရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးမြင့်အောင်က အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန်အတွက် အမျိုးအစားလေးမျိုးဖြစ်သည့် မီးဖိုချောင်ထွက်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများပါဝင်သည့် အမှိုက်များကို အစိမ်းရောင်ပုံး၊ ခြောက်သွေ့သော စက္ကူ ကတ်ထူစက္ကူ သံတို သံစ၊ ပိတ်စ၊ သစ်သားစ စသည့် စွန့်ပစ်ပစ္စည်းများကို အဝါရောင်ပုံး၊ ပလတ်စတစ်သုံးပစ္စည်းများကို အပြာရောင်ပုံး၊ အီလက်ထရွန်နစ်စွန့်ပစ်ပစ္စည်းများ၊ အင်းဆက်ဖျန်းဆေးရည်များစသည့် ဘေးအန္တရာယ်ရှိနိုင်သည့်အရာများကို အနီရောင်ပုံးတွင် စွန့်ပစ်ရန် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့တို့အား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

ဧရာဝတီမျိုးစေ့

# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့် ပတ်သက်၍
# အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း **NK 625** သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်း ပျမ်းမျှ ၉၅% သို့မဟုတ် ၉၅%ထက်မြင့်မားမှုရှိပြီး တောင်သူများ ယုံကြည်စိတ်ချစွာ စိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။

အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီ ဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။

သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော **NK 625 5kg (Thailand)** မျိုးစေ့များတွင် အပင်ပေါက် သက်ရောက်မှုများ ရှိခဲ့ပြီး သတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါသည်–

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅% အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်း စံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ် (သို့) **Lots** ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသော မျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  **NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923**
- တောင်သူများ ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကို ပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာ ဖြစ်ပေါ်လျက်ရှိသော ကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော**NK 625 5kg** မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့် (သို့မဟုတ်) ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ကီလို တစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှ တစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သော ဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

- နီးစပ်ရာကိုယ်စားလှယ်ဆိုင်
- ရှမ်း(တောင်) : ၀၉-၇၅၀၂၁၁၆၈၇
- ရှမ်း(မြောက်) : ၀၉-၇၅၀၂၁၁၆၈၈
- info@ayeyarwaddyseeds.com

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သော အရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**

## "THOR" The Heart Of Rangoon အမှတ်တံဆိပ် အမည်အမှတ်အသားအား အသုံးပြုနေခြင်းအပေါ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် – ၃၆/၃၈ နေ ဒေါ်ခင်မြတ်လှိုင် (၁၂/လမန (နိုင်) ၀၀၁၄၁၃)သည် အောက်ဖော်ပြပါ "THOR" The Heart Of Rangoon ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့တော်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် – ၉၇၃/၂၀၂၃ (၃၁–၁–၂၀၂၃)ဖြင့် **"စားသောက်ဆိုင်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်း၊ အခြားသောဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး"** လုပ်ကိုင်ဆောင်ရွက်ရန် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

(၉၇၃/၂၀၂၃)

ယခုအချိန်တွင် အမှတ် (၁)၊ ကွမ်းခြံလမ်း၊ ရန်ကုန်ဘူတာကြီးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် The Heart Of Rangoon "THOR" နာမည်ဖြင့် Pub & Lounge တစ်ခုတည်းသာ စတင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ အထက်ပါလုပ်ငန်းမှအပ ရန်ကုန်မြို့နှင့် အခြားသောနေရာဒေသများ၌ အခြားသောလုပ်ငန်းများ လုပ်ကိုင်မှုမရှိသေးပါ။

သို့ဖြစ်ပါ၍ "THOR" The Heart Of Rangoon ကုန်အမှတ်တံဆိပ်ကို နည်းလမ်းအမျိုးမျိုးဖြင့် ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့သတိပေးတားမြစ်ပါလျက် ဆက်လက်သုံးစွဲကြောင်း တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်ယုဆွေ** (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၂၂)
အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (B-6)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၆၃၆၈၄၁၄၄

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်ဘောဂလမ်းသွယ်၊ အိမ်အမှတ်– ၁၃၂၂ နေ ဒေါ်အေးမျိုးသွယ်၊ မှတ်ပုံတင်အမှတ် [၁၂/ဥကမ(နိုင်)၂၀၁၄၈၈]၏သမီး မသန္တာအေးသည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၎င်းကို သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်အေးမျိုးသွယ်**
**[၁၂/ဥကမ(နိုင်)၂၀၁၄၈၈]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၅၊မြေကွက်အမှတ် ၁၁၀၊မြေကွက်တည်နေရာအမှတ်–၁၁၀၊စိန်ပန်းလမ်း၊(၅)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်ခင်အုန်းမြင့်(ISN–၄၉၈၁၆၄)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်–ဒေါ်ခင်အုန်းမြင့်(ဇနီး)သည်(၇–၁၀–၂၀၀၉)ရက်နေ့တွင်ကွယ်လွန်သဖြင့်ဦးရွှေပို့(၁၂/အစန(နိုင်)၁၆၉၀၆၄)မှတစ်ဦးတည်းသော(ခင်ပွန်း)တော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာများ၊သေစာရင်း၊နှစ်(၆၀)ဂရန်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်RC(၂)ထပ်(၂)လုံးရှိပြီးလျှောက်ထားသူ၏တူဖြစ်သူမောင်သန့်ဇော်သန်းမိသားစုနှင့်တူမဖြစ်သူဒေါ်မြတ်ဆုလတ်မိသားစုနေထိုင်ပါသည်။မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်းလျှောက်ထားသူနှင့်မြေပေါ်နေထိုင်သူတို့မှလက်မှတ်ရေးထိုးပေးပါသည်။သို့ဖြစ်ပါ၍ဦးရွှေပို့မှပိုင်ဆိုင်အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## "အများသိစေရန် ကြေညာခြင်း"

ဒေါ်ခိုင်သဇင်မိုး [၁၂/သလန (နိုင်)၁၂၅၇၂၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကျောင်းကုန်းဆိပ်ကြီး၊ အေးသစ္စာရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ်(၇၅၂/က) ဟု ခေါ်တွင်သော အလျား ၂၀ပေx အနံ ၆၀ပေရှိ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်မိတ်ဆွေမှ (၁၅–၁၂–၂၀၁၈)ရက်နေ့မှစ၍ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရယူ အကျိုးခံစားလျက်ရှိပါသည်။ ယခုအခါ ယင်းမြေကွက်နှင့် ပတ်သက်စပ်ဆိုင်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေမသိရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ လျှုဒါန်းပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း၊ ပေးအပ်ခြင်းများ မပြုလုပ်ကြပါရန် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ကျော် LL.B.,B.A(Business Law)., C.B.L., DL.101**
**WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၈၇၉)**
**အမှတ်(၇၈)၊ ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–5045140, 09–250729155**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၈၂၊ မြေကွက်အမှတ်– ၅၆၂၊ အကျယ် (၄၀'x၆၀') အနက် တရားဝင်မခွဲမစိတ်ရသေးသော မြေ၏ခေါင်းရင်းဘက်ခြမ်း (မြေကွက်အမှတ်– ၅၆၃ နှင့်ကပ်လျက်အခြမ်း) ပါမစ်မူရင်းခြမ်း၊ အကျယ် (၂၀'x၆၀') မြေအမျိုးအစား– ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၅၆၂)၊ မေတ္တာ (၁)လမ်း၊ ၈၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးတင်ဦး(AA–၀၉၁၄၃၂) [၁၂/မဂဒ(နိုင်)၀၁၆၅၈၃] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်နှင့် (၃၁–၇–၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်ကောင်းခန့် [၁၄/ပသန(နိုင်)၁၈၂၆၄၇]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေလင်းထွန်း အထက်တန်းရှေ့နေ (စဉ်–၅၀၉၅၅) ဦးကျော်မင်းနိုင် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၆၃)**
**အမှတ် (၅၁)၊ ပထမထပ်၊ ၃၈–လမ်း၊ (ကမ်းနားဘလောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၉.D တောင်သူကုန်း၊ မြေကွက်အမှတ်– ၂၄/က၊ ဧရိယာ (၀.၅၄၄)ဧက၊ မြေကွက်တည်နေရာ အမှတ်–(၂၇)၊ အမက(၄၉)၊ ကျောင်းလမ်း၊ တောင်သူကုန်း၊ အင်းစိန်၊ ဦးကိုကိုနိုင် [၁၂/အစန (နိုင်) ၀၄၆၄၈၆] အမည်ပေါက် မြေပိုင်မြေ ၃(ခ) ထုတ်ပေးမြေအား အမည်ပေါက် ဦးကိုကိုနိုင် [၁၂/အစန(နိုင်) ၀၄၆၄၈၆]မှ အရောင်းအဝယ်စာချုပ်– ၆၈၅၃/၂၀၂၂ ဖြင့် မြေကွက်၏အစိတ်အပိုင်းကို ဦးစောမောင်အား ရောင်းချခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသော အစိတ်အပိုင်းအား အမည်ပေါက် စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ တစ်ဖက်သတ်မြေကွက်ခွဲ မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ညောင်ရိပ်သာလမ်း၊ အကွက်အမှတ် (၅၆/ပန်းဘဲတန်း)၊ ဦးပိုင်အမှတ် (၈ဂ)၊ ဧရိယာ (၀.၀၆၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မော်လမြိုင်မြို့၊ မြေစာရင်းဦးစီးဌာနတွင် မစ္စဘာသာဆီဒီဝါး အမည်ပေါက်လျက်ရှိပြီး အိမ်နှင့် အိမ်ရာမြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ်– ၁၀/၁၉၈၂ အရ ဒေါ်လှရီမှ ဝယ်ယူခဲ့ပြီး ဒေါ်လှရီထံမှ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ် မှတ်ပုံတင်စာချုပ်အမှတ်– ၄၃၅/၁၉၈၄ ဖြင့် ဦးအောင်တင်၊ ဒေါ်မရီ၊ ဦးအောင်ကျော်ဦး၊ ဦးအောင်သန်းဦး၊ ဦးအောင်ဆန်းဦး၊ ဒေါ်ခင်ထွေးဦး(ခ)ဒေါ်အိချောစုတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးအောင်တင်သည် (၁၇–၁၁–၂၀၂၃)ရက်နေ့တွင် ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်မရီ(ခ) ဒေါ်ရီမှ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် – ၅၉/၂၀၂၄ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ်– ၆၀/၂၀၂၄ အရ ဦးအောင်တင်၏အစုအား အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဦးအောင်သန်းဦးမှ အထက်ဖော်ပြပါ အိမ်နှင့် မြေကို အပြီးအပိုင်စွန့်လွှတ်ခြင်း မှတ်ပုံတင်စာချုပ်အမှတ်– ၂၈၅/၂၀၂၅ အရ ရရှိပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးအောင်သန်းဦးသည် ၎င်း၏အမည်သို့ ပြောင်းလဲပေးရန်လျှောက်ထားလာသဖြင့် ၎င်း၏လျှောက်ထားခဲ့မှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့၊ မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးအောင်သန်းဦးမှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထဲရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဒုတိယရဲအုပ်လောင်း(အမျိုးသား၊ အမျိုးသမီး)များ အလိုရှိသည်

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀)ဖြင့် ဒုတိယရဲအုပ်လောင်း (အမျိုးသား၊ အမျိုးသမီး)များ အလိုရှိသည်။

၂။ ဒုတိယရဲအုပ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယရဲအုပ်အဆင့် စတင် ခန့်အပ်ခြင်းခံရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို) ဖြစ်ရမည်။

(ခ) အစိုးရအသိအမှတ်ပြု တက္ကသိုလ်များမှ အောက်ဖော်ပြပါ ပညာအရည်အချင်းနှင့် ကိုက်ညီသူ (အမျိုးသား၊ အမျိုးသမီး)များ ဖြစ်ရမည်-

- (၁) သိပ္ပံဘွဲ့ ရရှိသူ၊
- (၂) ဝိဇ္ဇာဘွဲ့ရရှိသူ၊
- (၃) ဥပဒေဘွဲ့ ရရှိသူ၊
- (၄) နိုင်ငံခြားဘာသာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ၊(အင်္ဂလိပ်၊တရုတ်၊ထိုင်း)
- (၅) ကွန်ပျူတာသိပ္ပံဘွဲ့ / ကွန်ပျူတာနည်းပညာဘွဲ့ ရရှိသူ၊
- (၆) စီးပွားရေးဘွဲ့ ရရှိသူ၊
- (၇) စိုက်ပျိုးရေးဘွဲ့ ရရှိသူ၊
- (၈) အင်ဂျင်နီယာဘွဲ့(မြို့ပြ၊ လျှပ်စစ်၊ စက်မှု၊ သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ရေကြောင်းစက်မှု) ရရှိသူ၊
- (၉) သူနာပြုသိပ္ပံဘွဲ့ ရရှိသူ၊
- (၁၀) ပြည်သူ့ကျန်းမာရေးဘွဲ့ ရရှိသူ၊
- (၁၁) ဆေးဝါးကျွမ်းကျင်ပညာဘွဲ့ ရရှိသူ၊

(ဂ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ အင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိ လျှောက်ထားနိုင်သည်။

(ဃ) (အမျိုးသား)များအတွက် အရပ်အမြင့် ၅ ပေ ၄ လက်မ၊ ရင်အုပ်နဂိုနေ ၃၂ လက်မ နှင့် ကိုယ်အလေးချိန်အနည်းဆုံး ၁၁၀ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(အမျိုးသမီး)များအတွက် အရပ်အမြင့် ၅ ပေ ၃ လက်မ နှင့်ကိုယ်အလေးချိန်အနည်းဆုံး ၉၅ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

(စ) ဆေးအဆင့်(က)ရှိသူဖြစ်ရမည်။

(ဆ) နယ်ဘက်တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။

(ဇ) ဒုတိယရဲအုပ်လောင်း သင်တန်းပြီးဆုံးပါက ဒုတိယရဲအုပ်အဆင့်တွင်လည်းကောင်း၊ ရဲအုပ်အဆင့်တွင်လည်းကောင်း၊ အနည်းဆုံး အဆင့်ရသက် ၅ နှစ်မပြည့်မီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့်တင်ပြခြင်းမပြုကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူများကို ရေးဖြေစာမေးပွဲဖြေဆိုစေပြီး ဖြေဆိုအောင်မြင်မှသာ စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်။ စိတ်စစ်ဆေးခြင်းနှင့် ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်းများ မပြုလုပ်မီ ရှေးဦးစွာ ဆေးစစ်ဆေးခြင်းခံရမည်ဖြစ်ပြီး ဆေးစစ်ဆေးခြင်းအောင်မြင်မှသာ ဆက်လက်ဖြေဆိုခွင့်ပြုပါမည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ရယူနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံမူရင်းဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာများစိစစ်ပြီး ဖြေဆိုခွင့်ရရှိသူများအား ဖြေဆိုရမည့် နေ့ရက်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ အကြောင်းကြားပါမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ-

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ။

(ခ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။

(ဂ) အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ကြောင်း ဝန်ခံချက်။

(ဃ) ဒုတိယရဲအုပ်လောင်း သင်တန်းပြီးဆုံးပါက ဒုတိယရဲအုပ်အဆင့်တွင်လည်းကောင်း၊ ရဲအုပ်အဆင့်တွင်လည်းကောင်း၊ အနည်းဆုံး ၅ နှစ်မပြည့်မီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့် တင်ပြခြင်းမပြုကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်။

(င) ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံ(၁.၃" X ၁.၅" နောက်ခံအပြာရောင်)။

(စ) အလုပ်သမား မှတ်ပုံတင်မိတ္တူတို့ပါရှိရမည်။

၇။ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ဒုတိယရဲအုပ်လောင်း လျှောက်လွှာများကို ၃-၆-၂၀၂၅ ရက်နေ့မှစ၍ ထုတ်ယူလျှောက်ထားနိုင်ပြီး ၁၇-၆-၂၀၂၅ ရက်နေ့ နောက်ဆုံး လျှောက်ထားရမည့်အစား ၁၁-၇-၂၀၂၅ ရက်နေ့သို့ ပြောင်းလဲတိုးမြှင့် သတ်မှတ်ပါသည်။

၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်တွင်းဘွဲ့ရ(တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ) နှင့် အခြားဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ လျှောက်ထားရန် မလိုပါ။

၉။ ဆေးစစ်ဆေးခြင်း၊ စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် အသက်စိစစ်အတည်ပြုရန်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်(မူရင်း)၊ ပညာအရည်အချင်း စိစစ်ရန်အတွက် ဘွဲ့လက်မှတ်မူရင်း(ဘွဲ့နှင်းသဘင်မကျင်းပရသေးပါက ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ ထောက်ခံစာမူရင်း)တင်ပြနိုင်ရမည်။

---

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၁၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်ကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးစားနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးအစုံပါ (၂)ထပ်တိုက်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း**

အထက်ပါမြေနှင့်အိမ်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ကြည်[၁၂/စခန(နိုင်)၀၀၆၀၆၅]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤအရောင်းအဝယ်ကို ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမျိုးမင်းထွန်း+ဒေါ်ခင်ခင်မိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သုခလမ်း၊ အမှတ်(၁၇၇)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ မြေအပါအဝင် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော RC (၂)ထပ်တိုက်အိမ်နှင့်တကွ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးနန္ဒဒေဝ[၁၂/ကမတ(နိုင်)၀၄၀၇၄၀]နှင့် ဒေါ်စုနွယ်တင် [၁၂/ကမတ(နိုင်)၀၃၂၀၂၁]တို့မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးဇော်ဝင်းသိန်း[၁၂/ဒဂန(နိုင်)၀၂၅၄၃၁]နှင့် ဒေါ်မီမီထွန်း [၁၂/ဒဂန(နိုင်)၀၂၂၀၀၀]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးအေးမော်** | **ဒေါ်သူသူမင်း** | **ဒေါ်ခင်မို့မို့ထွန်း** |
| **(စဉ်-၇၆၀၇)** | **(စဉ်-၁၂၉၆၅)** | **(စဉ်-၁၅၉၉၄)** |
| **LL.B, D.B.L, WIPO** | **LL.B, D.B.L, WIPO** | **LL.B, WIPO** |

**(တရားလွှတ်တော်ရှေ့နေများ)**

**ဒေါ်မာလာသန်းမြင့် LL.B, WIPO** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၅)**
**ဒေါ်ချယ်ရီဇော် LL.B** — **အထက်တန်းရှေ့နေ(စဉ်-၄၄၃၉၃)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း-၄၀(ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၆၂၅၁၂၆၆**

---

## ဦးလှသန်း (၁၂/ဒဂန (နိုင်) ၀၀၇၄၅၅) နှင့် ဒေါ်ဆောင်းနှင်းဝေ (၁၂/ဒဂန (နိုင်) ၀၂၆၂၇၂) တို့ သိစေရန်ကြေညာခြင်း

CB Bank CPL (Consumer Finance Department) မှ အကြီးတန်းဒုတိယအထွေထွေမန်နေဂျာ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

လူကြီးမင်းတို့သည် CB Bank CPL (ယခင်-သမဝါယမဘဏ်လီမိတက်)မှ အငှားဝယ်စနစ်ဖြင့် Brand New JCB Excavator JS 200 အမျိုးအစား (၂)စီးအား ASIA TRADE & COMMERCE Co.,Ltd. မှလည်းကောင်း၊ Brand New Changlin Bulldozer CLD220Y Angle Blade with Ripper (၁)စီးအား Myanmar Heavy Truck Trading Co.,Ld. မှလည်းကောင်း ဝယ်ယူရန်အတွက် Hire Purchase ချေးငွေကျပ်သိန်း (၁၅၀၀) (ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ)အား (၃-၅-၂၀၁၉)ရက်နေ့တွင် အော်ဒီမန်စာချုပ်၊ အာမခံစာချုပ်နှင့် အခြားဝန်ခံကတိပြုစာချုပ်များပေါ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုပြီး (၅)နှစ်သက်တမ်းဖြင့် ချေးယူခဲ့ကြောင်း၊ (၂-၅-၂၀၂၄)ရက်နေ့တွင် ချေးငွေသက်တမ်းမှာ ကုန်ဆုံးပြီးဖြစ်ကြောင်း၊ သို့ရာတွင် လူကြီးမင်းတို့သည် လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိသဖြင့် ဘဏ်မှ လူကြီးမင်းတို့ထံ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ ပေးဆပ်ရန် ဆက်လက်ပျက်ကွက်လျက်ရှိနေကြောင်း၊ ယခုအခါ (၁၃-၆-၂၀၂၅)ရက်နေ့အထိ ဘဏ်စာရင်းရှင်းတမ်းအရ လူကြီးမင်းတို့မှ ဘဏ်သို့ပေးဆပ်ရမည့် အတိုး၊ အရင်းနှင့် နောက်ကျကြေးငွေစုစုပေါင်းမှာ (၁၈၇,၀၈၇,၀၄၈. ၆၇) (ကျပ်သိန်းတစ်ထောင့်ရှစ်ရာခုနစ်ဆယ် ရှစ်သောင်းခုနစ်ထောင်လေးဆယ့်ရှစ်ကျပ်နှင့် ခြောက်ဆယ့်ခုနစ်ပြားတိတိ) ပေးဆပ်ရန်တာဝန် ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ အထက်ပါတိုးရင်းပေါင်းငွေများအား (၁၈-၇-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ဘဏ်သို့ မပျက်မကွက် လာရောက်ပေးဆပ်ပါရန်နှင့် ပေးဆပ်ရန်ပျက်ကွက်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဖြိုးအိစံ (LL.B, D.B.L, D.I.L)**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၅၁၈/၂၀၁၃)
အမှတ်-၅၀၊ မြေညီထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ **Ph : 09-420242495**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၂၂၂)၊ ရဲရန်အောင်လမ်း၊ အကျယ်အဝန်း(၄၁ပေ× ၆၀ပေ)(၀.၀၅၆)ဧကအကျယ်ရှိ ဒေါ်အေးအေးကြွယ် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုအမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်အေးအေးကြွယ် (၁၂/မရက(နိုင်)၀၃၆၀၂၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဒေါ်မြမြတ်ချိန် | ဒေါ်ဝတ်ရည်ငွေး |
| LL.B,D.B.L (စဉ်-၁၁၃၁၁) | LL.B,LL.M (စဉ်-၃၆၉၁၇) |

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - **09-5185534, 09-5173690, 09-5040160, 09-420203960**
ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - **09-5060940, 09-5185539, 09-450450977, 09-450450907**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၀၀၁)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)ရှိ ဦးဝင်းရှိန် အမည်ဖြင့် ရရှိထားသောပါမစ်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းလွင်[၇/အတန(နိုင်)၁၄၀၁၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက် တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ --**

| | | |
|---|---|---|
| **ဒေါ်မြလဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၆၈/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဒေါ်လဲ့လဲ့သွင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဒေါ်လဲ့လဲ့သွင် [၁၂/ဒလန(နိုင်)၀၂၂၆၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။**
**Ph:09-420088970**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ငလုံးလဖယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၀၀၇+၃၀၀၈)၊ အကျယ်(၂၅၀၀)စတုရန်းပေရှိ ဦးအေးဆင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ ဦးခင်မောင်အေး [၁၂/ဒလန(နိုင်)၀၀၂၄၆၆]+၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုး စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
